ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 7 June 2024 ၁၁၄၈၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးညိုမြို့နယ်၌ မိုးစပါးစိုက်ဧက ၄၈၈၆၀ စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ

**မိုးညို ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ မိုးစပါးစိုက်ဧက ၄၈၈၆၀ စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးညိုမြို့နယ်၌ ဆင်းသုခ၊ ရတနာတိုး၊ ဆွာနာ၊ YSR(1)၊ ရေအနည်းလို(၇) စသည့်စပါးမျိုးများကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး ပျိုးထောင်စိုက်ပျိုးခြင်း ဧက ၂၃၅၄၀၊ မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ဧက ၂၄၈၂၀၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ဧက ၅၀၀ စုစုပေါင်း မိုးစပါးစိုက်ဧက ၄၈၈၆၀ ကို လျာထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ကောက်စိုက်စက်ဖြင့် ၁၀ ဧက၊ မျိုးစေ့ချကိရိယာဖြင့် ဧက ၄၈၀၀ စိုက်ပျိုးပြီးစီး၍ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**



မိုးညိုမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားမောင်မယ်များနှင့် ဒိုင်/ဂျူရီများ သိရှိလိုက်နာသင့်သည့် အားကစားစိတ်ဓာတ်နှင့် Fair Play အကြောင်း တစေ့တစောင်း**

ဆောင်းပါး စာမျက်နှာ » ၆

**ပို့ကုန်တိုးမြှင့်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ရေချိုငါးတင်ပို့မှု**

စာမျက်နှာ » ၉

**နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ တစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်**

စာမျက်နှာ » ၁၅

# မြန်မာနိုင်ငံတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုပါက မွေးမြူရေးငါးခူမွေးခြင်းဖြင့် ဝင်ငွေတိုးလာစေနိုင်

**ရန်ကုန် ဇွန် ၆**

ယခုကာလ၌ မြန်မာနိုင်ငံတွင်တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုပါက မွေးမြူရေးငါးခူ မွေးခြင်းဖြင့် ဝင်ငွေတိုးလာစေနိုင်ကြောင်း ငါးသားပေါက်မွေးမြူရေးလုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။

**ဝင်ငွေတိုးစေနိုင်**

မွေးမြူရေးငါးခူကို တစ်နိုင်တစ်ပိုင် မွေးမြူနိုင်သကဲ့သို့ စားဖားနှင့် ငါးပြေမတို့ကိုလည်း တစ်နိုင်တစ်ပိုင်မွေးမြူနိုင်ပြီး ၎င်းတို့သုံးမျိုးမှာ ကာလတိုသဖြင့် သုံးလအတွင်း ရောင်းတမ်းဝင်နိုင်ကာ ဝင်ငွေတိုးစေနိုင်ကြောင်း သိရသည်။

"တစ်နိုင်တစ်ပိုင် မွေးမြူချင်တဲ့ဆန္ဒရှိရင်ပေါ့။ တချို့ကတော့ တာလပတ်တွေနဲ့ မွေးကြတာရှိတယ်။ အဲဒါကျ ငါးမြစ်ချင်း၊ ငါးမုတ်က မွေးလို့မရဘူး။ မွေးလို့ရတာက ဖားနဲ့ မွေးမြူရေးငါးခူ၊ ငါးပြေမ မွေးလို့ရတယ်။ တခြားကေလိုက်မွေးမယ်ဆိုရင်တော့ ငါးမြစ်ချင်း၊ ငါးမုတ်၊ ရွှေဝါ၊ ငါးခေါင်းပွကတော့ ပုံမှန်မွေးကြတာပါ။ တစ်နိုင်တစ်ပိုင်ကတော့ ဖားနဲ့ မွေးမြူရေးငါးခူပါ။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ငါးမွေးမြူသူတစ်ဦးက မွေးမြူရေးငါးခူများ ပြသနေစဉ်။

ကြေးမုံ

# ငွေရေးကြေးရေးဝန်ဆောင်မှု လုံခြုံစိတ်ချမှုရှိ

မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးဆိုင်ရာတို့နှင့်ပတ်သက်၍ လွယ်ကူချောမွေ့စွာ လည်ပတ်စီးဆင်း လုပ်ကိုင်နိုင်စေရေးအတွက် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်လုပ်ကိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုးကို လက်ခံပြီး အတိုးအညွှန့်ခံစားခွင့်များ ပြုလုပ်ပေးခြင်း၊ ပြန်လည်ထုတ်ပေးခြင်း၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားအတွက် အရေးကြီးသည့်ကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ပေးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)ကို ငွေကြေးထောက်ပံ့ပေးခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများဆောင်ရွက်ခြင်း စသည့်ဘဏ်ဝန်ဆောင်မှုများစွာတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဘဏ်ဟူသည် ငွေရေးကြေးရေးနှင့်ပတ်သက်၍ ကြားခံဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်။ ငွေရေးကြေးရေးများစွာကို လက်ဝယ်တွင်ထားရှိပါက အန္တရာယ်အမျိုးမျိုးဖြစ်နိုင်သည့်အတွက် လုံခြုံစိတ်ချမှုရှိသည့် ဘဏ်တို့က ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ငွေသားများစွာတို့ကို လက်ဝယ်တွင်ကိုင်တွယ်စရာမလိုဘဲ ချက်လက်မှတ်ကဲ့သို့ ပုံမှန်ငွေကြေးစနစ်ဖြင့်လည်းကောင်း၊ လျှို့ဝှက်စွာထားသည့် စာရင်းအင်းအချက်အလက်များကို အသုံးပြု၍ ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့်လည်းကောင်း လက်ခံ၊ လွှဲပြောင်း၊ ထုတ်ယူ၊ ပေးသွင်းစသည့် ငွေရေးကြေးရေးဆိုင်ရာ အာမခံချက်များစွာတို့ဖြင့် ချည်နှောင်ထားသည့် အဖွဲ့အစည်းဖြစ်သည်။ ပြည်သူတို့အနေဖြင့် ဘဏ်နှင့်ပတ်သက်၍ သိရှိနားလည်ကြသော်လည်း ဘဏ်လုပ်ငန်းဆိုင်ရာများကိုမူ ပြည့်စုံစွာသိရှိနားလည်ကြသူ အလွန်နည်းပါးမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံရေးအခြေအနေပေါ်မူတည်၍ ငွေရေးကြေးရေးနှင့်ပတ်သက်၍ မသမာသူများက ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်အောင်၊ ဘဏ်များအပေါ် ယုံကြည်မှုနည်းလာအောင်၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍ လွဲမှားဆောင်ရွက်မှုဖြစ်လာအောင် ဥပဒေနှင့်မညီသည့် မမှန်မကန်ဆောင်ရွက်မှုများ၊ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည့် အထောက်အထားများရှိခဲ့သည်။ မျက်မှောက်ကာလတွင်လည်း ငွေရေးကြေးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း မဟုတ်မမှန်လုပ်ကြံဖန်တီးမှုများ ပြုလုပ်မှုများရှိလာသဖြင့် ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုမဖြစ်အောင် အသိပေးနှိုးဆော်လျက်ရှိသည်။

ယခုကာလတွင် နိုင်ငံ၌ အဓိကကျသည့် ငွေရေးကြေးရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ မသမာသူဝိသမလောဘ စီးပွားရေးသမားများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအချိန်တွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော အဖျက်မီဒီယာများနှင့် အဖျက်သမားအုပ်စုများက ပြည်သူများအသုံးပြုနေသည့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများကြားတွင် လည်ပတ်နေသော ငွေရေးကြေးရေးအခြေအနေများ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်နေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ အဖျက်သမားအမျိုးမျိုးတို့က အစိုးရနှင့်အများပြည်သူအကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်၍ မကြာခဏဖြန့်ဝေနေသော လူမှုကွန်ရက်စာမျက်နှာများကို သတိပြုဆင်ခြင်မိကြရန်လိုအပ်ပါသည်။

စစ်ရေး၊ ဘာသာရေး၊ ကုန်သွယ်စီးပွားရေး မျက်နှာစာသုံးမျိုးသည် နယ်ချဲ့ဝါဒီများ အဓိကအသုံးပြုသော လက်နက်သုံးမျိုးဖြစ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ သိသာသည့် တိုးတက်ဖြစ်ထွန်းအောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိ ရရှိလာပြီဖြစ်သည်။ ယင်းအချိန်တွင် ကုန်သွယ်စီးပွားရေး မျက်နှာစာအမျိုးမျိုးတို့မှ နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွား ထိခိုက်ပျက်ပြားစေရန် နည်းလမ်းအမျိုးမျိုးတို့ဖြင့် အဖျက်အုပ်စုအမျိုးမျိုးတို့က ထိုးနှက်တိုက်ခိုက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

လတ်တလောဖြစ်ပေါ်နေသည့် ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားပြောဆိုနေမှုများကို စိုးရိမ်စရာမလိုဘဲ ငွေကြေးနှင့် ဘဏ်များအပေါ် ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများကို ပုံမှန်ဆောင်ရွက်နိုင်အောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝအကာအကွယ်ပေးထားသည်ဖြစ်ရာ အဖျက်သမားအုပ်စုအမျိုးမျိုးတို့၏ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ခြောက်လှန့်မှုများကို နားမယောင်ဘဲ တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသည့် အဖျက်သမားအမျိုးမျိုးတို့ကို ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်ကြစို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။

## သုံးခွမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြသ

**သုံးခွ ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှုသရုပ်ပြသခြင်းကို သိုက်တူးကန်ကျေးရွာရှိ တောင်သူ ဦးမောင်မြင့်၏ စိုက်ခင်းတွင် ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဦးစွာ တောင်သူဦးမောင်မြင့်၏ လယ် ၁၀ ဧက၌ မော်ဘီ-၃ စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးလင်းမောင်သက်၊ အဖွဲ့ဝင်(၂) ဦးမောင်မောင်သင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့်



တောင်သူလယ်သမားများက ကြည့်ရှုအားပေးသည်။

သုံးခွမြို့နယ်တွင် မိုးစပါးလျာထားစိုက်ဧက ၁၅၃၆၁၄ ဧကရှိကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်၌ လယ်ဧက ၅၀ အတွက် သွင်းအားစုဖိုး မတည်ရင်းနှီးငွေပေးအပ်ပွဲ ပြုလုပ်

**ကော့သောင်း ဇွန် ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေး စီမံကိန်း (မြစိမ်းရောင်) သမဝါယမကဏ္ဍ ကော့သောင်းမြို့နယ် လယ်ဧက ၅၀ အတွက် သွင်းအားစုဖိုး မတည်ရင်းနှီးငွေကျပ်သိန်း ၁၀၀ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးသိန်းအောင်က ချေးငွေပေးအပ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုက မြို့နယ်သမဝါယမအသင်းစုသို့ မတည်ရင်းနှီးငွေ ပေးအပ်၍ ရွှေဝါထွန်း ဘက်စုံစိုက်ပျိုးမွေးမြူရေးသမဝါယမအသင်းက စိုက်ပျိုးတောင်သူများအား တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းဖြင့် ဧက ၅၀ အတွက် မတည် ရင်းနှီးငွေကျပ်သိန်း ၁၀၀ ပေးအပ်ခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော တောင်သူများက အခက်အခဲနှင့် လုပ်ငန်းလိုအပ်ချက်များ တင်ပြခဲ့ရာ တာဝန်ရှိသူများက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၂၆၃ | ၂,၄၁၉,၃၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၂,၈၁၈ | ၉,၁၇၇,၂၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၂၆ | ၂၁၅,၈၀၀ |
| FPB | ၁,၆၅၀ | ၁,၇၅၀ | ၄၀၅ | ၇၀၇,၉၅၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၂ | ၁၄၃,၀၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၂,၉၇၁ | ၅,၃၇၈,၁၀၀ |
| AMATA | ၄,၆၀၀ | ၄,၈၀၀ | ၄၁၀ | ၁,၈၈၈,၀၀၀ |
| MAEX | ၂,၉၀၀ | ၃,၀၀၀ | ၁,၅၀၁ | ၄,၄၄၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၆**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါ်နုမြဲ၊ ဒေါက်တာအောင်ဇေယျ၊ ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား အစီအစဉ်များကို သုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆောင်ရွက်ခဲ့မှုများနှင့် ပေါင်းစပ်ပြီး ကျင်းပလျှင် သင့်တော်မည်ဟု အကြံပြုလိုပါကြောင်း၊ အနုပညာရှင်၊ အတတ်ပညာရှင်များလည်း ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်လိုသည်များကို အသေးစိတ် ဆွေးနွေးကြစေလိုပါကြောင်း။

အကြမ်းဖျင်းအားဖြင့် ဖွင့်ပွဲကို ခမ်းခမ်းနားနား ကျင်းပရန် လျာထားပါကြောင်း၊ ပိတ်ပွဲအခမ်းအနားတွင် ဘောလုံးပွဲစဉ်၊ အမျိုးသား အားကစားပွဲတော် ဂုဏ်ပြုတေးသီချင်းများ၊ စုပေါင်းသရုပ်ပြ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအားကစားပွဲတော်သည် အမျိုးသားရေးအတွက် အနှစ်သာရရှိသည့် ပွဲတော်ကြီးတစ်ခု ဖြစ်ပါကြောင်း၊ မျိုးချစ်စိတ်ကို ဖော်ညွှန်းသည့် တစ်နိုင်ငံလုံး ပါဝင်ဆင်နွှဲမည့် ပွဲတော်တစ်ခုဖြစ်ပြီး မြန်မာလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူသည့်စိတ်ဖြစ်အောင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြည့်ရှုခံစားခဲ့ရသည့် စိတ်ခံစားမှုမျိုး ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဖွင့်ပွဲတွင်မူတည်**

ပွဲတော်တစ်ပွဲ၏ အနှစ်သာရသည် ဖွင့်ပွဲတွင် မူတည်ပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို ကြည့်ရှုပြီး မျိုးချစ်စိတ်၊ စည်းလုံးမှု၊ နိုင်ငံအတွက် တိုးတက်အောင်ကြိုးစားလိုသည့် အားမာန်များ ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအားလုံး ပူးပေါင်းပါဝင်သည့် ပွဲတော်ဖြစ်သည့်အတွက် အဓိပ္ပာယ်လေးနက်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပိုမိုကောင်းမွန်သော အကြံပြုချက်များကို ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံ့ဂုဏ်ဆောင်ပွဲတစ်ခုတွင် အဓိကကျသည်မှာ ဖွင့်ပွဲနှင့်ပိတ်ပွဲဖြစ်ပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ် (မူကြမ်း)ကို တင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲတွင် နိုင်ငံတော်အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်းသို့ သယ်ဆောင် လွှင့်တင်မည်ဖြစ်ပြီး အဖွင့်သီချင်းကို အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက သီဆို ကပြဖျော်ဖြေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ဖွင့်ပွဲကို အစီအစဉ် ၁၇ ခုဖြင့် ကျင်းပရန်လျာထားပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပွဲတော်များကို မှီငြမ်း၍ ဖွင့်ပွဲနှင့် ပိတ်ပွဲအစီအစဉ်များကို လျာထားခြင်းဖြစ်ပြီး လိုအပ်သလို ဝိုင်းဝန်းဖြည့်စွက် အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိုင်ငံတော်အဆင့်ပွဲတော်ဖြစ်သည့်အတွက် ထူးထူးခြားခြား ဖြစ်စေလိုပါကြောင်း၊ ပွဲတော်၏ ဖွင့်ပွဲနှင့် ပိတ်ပွဲတွင် ဆောင်ရွက်မည့် Performance၊ ဖျော်ဖြေတင်ဆက်မှုများကို နိုင်ငံတကာအဆင့်မီ ဖြစ်စေလိုပါကြောင်း၊ မိမိတက်ရောက်ခဲ့သည့်ပွဲတော်များ၏ Performance များ၊ Stage အပြင်အဆင်များ၊ မီးအလင်းအမှောင် ဒီဇိုင်းများကို တင်ပြသွားမည် ဖြစ်ပါကြောင်း၊ မြန်မာ့ဂုဏ်ဆောင် အားကစားပွဲတော်ကြီးအဖြစ် ရသပေါ်လွင်အောင် ကျင်းပသွားမည်ဖြစ်ပြီး အကြံပြု ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲ၊ ပိတ်ပွဲ အစီအစဉ်များရေးဆွဲရာတွင် အဓိက အခြေခံရမည့်အချက်၊ အစီအစဉ် လျာထားချက်များ၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် သရုပ်ပြသီဆို ဖျော်ဖြေတင်ဆက်မည့် တေးသီချင်း၊ တေးသရုပ်ဖော်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့်တက်ရောက်လာသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

---

**❒ မိုးညိုမြို့နယ်မှ**

မိုးစပါးအပြင် အခြားမိုးသီးနှံများဖြစ်သည့် မြေပဲ(မိုး) ၂၀၁ ဧက၊ နှမ်း (မိုးကြို/မိုး) ၂၉၅၄၈ ဧကတို့ကိုလည်း လျာထားစိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပြီး စပါးအထွက်နှုန်းတိုးတက်ရေးအတွက် အသုံးပြုသည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ချိန်ကိုက်အချိုးကျထည့်သွင်းနိုင်ရေး၊ စပါးဆားရည်စိမ်နည်း၊ စပါးအဖျက်ပိုးမွှားအန္တရာယ် စနစ်တကျကာကွယ်နှိမ်နင်းရေးတို့ကို လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြားသီးနှံများ စိုက်ပျိုးရာတွင်လည်း တောင်သူများအခက်အခဲမရှိစေရေးနှင့် နည်းစနစ်များ မှန်ကန်စေရေးအတွက် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

---

**❍ ရေ့ဖုံးမှ**

ငါးပြေမက အုတ်ကန်နဲ့ မွေးလို့ရတယ်။ ချောင်ချောင်လေးလည်းဖြစ်ရမယ်။ စားဖား၊ ငါးခူ၊ ငါးပြေမ အဲဒီသုံးမျိုးက နှစ်လ၊ သုံးလဆို ဆိုက်ကြီးအနေထုတ်လို့ရပြီ။ ဒါကို တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ကြမယ်ဆိုရင် ကာလလည်းတို၊ ဈေးကွက်လည်းဝင်၊ ဝင်ငွေလည်းတိုး စေနိုင်တယ်။ ကိုယ့်ငါးအကောင် ရေနဲ့ ကိုယ့်အစာကိုလည်း ကျွေးတတ်ဖို့လိုပါတယ်” ဟု ခရမ်းမြို့နယ်ရှိ ဧက ၁၀၀ ကျော် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ကိုဇော်မိုး ငါးသားပေါက်ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိအချိန်သည် ငါးသားပေါက်ရာသီဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငါးသားပေါက်ရာသီကို ဧပြီ၊ မေနှင့် ဇွန်လအထိ သတ်မှတ်ဆောင်ရွက်ခဲ့ကာ ဇူလိုင်လမှစတင်ကာ ငါးဖမ်းရာသီအဖြစ် သတ်မှတ်ထားသည်။

**ခွဲခြားသတ်မှတ်**

ပြီးခဲ့သည့်နှစ်များအတွင်းက မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရကာလ Closed Season ကို ငါးဖမ်းလှေအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး နှစ်လမှ သုံးလအထိ ပိတ်သိမ်းခဲ့ကြောင်းနှင့် ငါးသားပေါက် ရာသီ (သို့မဟုတ်) ငါးမဖမ်းရကာလကို ဧပြီ၊ မေ၊ ဇွန်လတို့အဖြစ် သတ်မှတ်ထားပြီး တစ်နှစ်လျှင် ရေ့တစ်လစီတိုးကာ သတ်မှတ်သွားမည့်အစီအစဉ်အတိုင်း ဆောင်ရွက်နေကြောင်း သိရသည်။

**Thit Taw**

---

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် Logo ရေးဆွဲပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၆**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၁၂ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။

အထိမ်းအမှတ်တံဆိပ်(Logo)တွင် ပါဝင်ရမည့် အချက်များအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပမည်ဆိုသည့် အဓိပ္ပာယ်၊ ကျင်းပသည့် အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့်ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ကိုယ်စားပြုသော အဓိပ္ပာယ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပြာ၊ ဝါ၊ နက်၊ စိမ်း၊ နီ အရောင်ပါကွင်း ငါးကွင်း၊ အားကစားသမားအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ချစ်ကြည်ရင်းနှီးမှုသဘောဆောင်သည့် ရေးဆွဲချက်၊ မိမိနိုင်ငံရှိထင်ရှားသော အထိမ်းအမှတ်အဆောက်အအုံများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်၊ မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသော အရောင်တို့၏ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်များ ပါရှိရမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ယခင်က ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုခဲ့သည့် Logo အစား ယခုပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် Logo ကို ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေအဖြစ် ငွေကျပ် ၂၅ သိန်းကို ချီးမြှင့်ပေးသွားမည်ဖြစ်ကာ ရွေးချယ်ခြင်းခံရသူကို နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ ဆုချီးမြှင့်ပွဲကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသော Logo ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မူပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး



ရန်ကုန် ဇွန် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး စာသင်ဆောင်များ ဥပမိရပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုနှင့် ကျောင်းဝင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြစဉ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဘာသာရပ်များအားလုံးရှိ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန် မွမ်းမံသင်တန်းများပေးရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် မိမိတို့၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများသာမက ဆက်စပ်ဘာသာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရန်အတွက် စာအုပ်စာပေများကို အမြဲမပြတ် ဖတ်ရှုလေ့လာနေကြရန်လိုအပ်ကြောင်း၊ အရည်အသွေးရှိသော ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းအချင်းချင်း မေတ္တာတရားရှေ့ထားပြီး စည်းလုံးညီညွတ်စွာ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံတက္ကသိုလ်တွင် ရုက္ခဗေဒဘာသာရပ်နှင့် ဇီဝဓာတုဗေဒဘာသာရပ်များကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ရောက်ရှိကာ တက္ကသိုလ်၏ ဥပမိရပ်ကောင်းမွန်ရေး၊ တက္ကသိုလ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ လက်တွေ့ဆောင်ရွက်နေမှုနှင့် အခြေခံပညာအလယ်တန်းကျောင်း (မြန်မာ့သားကောင်း)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ အတန်းတက်ရောက် ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး မိမိတို့ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ ကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်စေရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းအတွင်း ရောက်ရှိရေးသည် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိကြောင်း၊ KG+9 (အခြေခံပညာအလယ်တန်းအဆင့်) ပြီးမြောက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများအတွက် ခရိုင်အလိုက်ဖွင့်လှစ်ထားရှိသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် မိမိတို့စိတ်ပါဝင်စားရာ ဘာသာရပ်အလိုက် တက်ရောက်သင်ယူနိုင်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် အလယ်တန်းအဆင့် ကျောင်းသားများကို ရှင်းလင်းပြောကြားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသော မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေ ၂၃ ရက်မှ ဇွန် ၅ ရက်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၈၇၇၅၀၄ ဦး လာရောက်အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများထံသို့ လာရောက်ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာနှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဝန်ထမ်းများ၏ သားသမီးများအနက် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများ၏ မိဘများအား ကျောင်းသုံးစာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ထောက်ပံ့စရိတ်များ ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဝန်ထမ်းများ၏ ပညာသင်ကြားကြမည့် သားသမီးများအား မူလတန်းကြိုအဆင့်မှ ဘွဲ့လွန်တန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဝတ်စုံ စရိတ်ထောက်ပံ့ငွေကျပ် ၂၆၅၆၅၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဝါတိုးချဲ့စိုက်ပျိုးရေး၊ Grade ခွဲခြားကောက်ယူရေးလုပ်ငန်းများအား လုပ်ငန်းရှင်များ၊ တောင်သူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး



မိတ္ထီလာ ဇွန် ၆

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါကောက်သိမ်းရာတွင် Grade ခွဲခြားကောက်ယူရေးလုပ်ငန်းစဉ်များအား လုပ်ငန်းရှင်များ၊ တောင်သူများ ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၄ ရက် နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန္ဒာလင်းက မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝါစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများက ဝါစိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးစေ့၊ သွင်းအားစု၊ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ဖြည့်စွက်ရေးတို့ကို တင်ပြဆွေးနွေးခဲ့သည်။ ယင်းအပြင် ဝါလုပ်ငန်းရှင် ဥက္ကဋ္ဌဦးဇော်ဇော်ဦးက ဝါလုပ်ငန်းရှင်အသင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဝါလုပ်ငန်းရှင်များက ဝါဝယ်ယူကြိတ်ခွဲခြင်းနှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသည့် ဝါများရရှိရေးနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများက ဒေသခံတောင်သူများ ဝါမျိုးကောင်းမျိုးသန့်ရရှိရေး၊ ဝါဈေးနှုန်း ကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဝါမျိုးများရရှိရေး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီးဦးစီးမှူးက ဆွေးနွေးတင်ပြချက်များအနက် အရည်အသွေးပြည့်မီသည့်ဝါမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေများဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ဧက ၁၅၄၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၆**

ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း(Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်များ လွယ်ကူချောမွေ့စွာ လာရောက် လည်ပတ်နိုင်ရန်အတွက် ဗီဇာဖြေလျှော့မှုများ၊ ငွေကြေးလဲလှယ်မှုများ၊ ငွေပေးချေရေးနှင့် ဘေးကင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်စပ်ဝန်ကြီး ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသော ခရီးသွားလုပ်ငန်းအများစုသည် ယဉ်ကျေးမှုနှင့် တောတောင်ရေမြေသဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အစည်း အဝေးတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း(Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း၊ ရေစွမ်းအင် နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ အနေဖြင့် လက်ရှိဆောင်ရွက်နေမှုများကို အခြေခံ၍ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် တက်ရောက်လာကြသူများက ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း(Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆောင်ရွက် ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း(၇၄)နှစ်ပြည့် အထိမ်းအမှတ် ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၆**

တရုတ်-မြန်မာ သံတမန် ဆက်ဆံရေး ထူထောင်ခြင်း (၇၄)နှစ်ပြည့် အထိမ်းအမှတ်ပညာ သင်ကြားရေး အထောက်အကူပြု ပစ္စည်းများ လှူဒါန်းခြင်း အခမ်း အနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန် ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ သည်။



အခမ်းအနားတွင် တတိယ တန်း ကျောင်းသား ကျောင်းသူ များက တောင်ယာဝင်ချိန်သီချင်း နှင့် ကောက်စိုက်ချိန်သီချင်းတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr.Chen Hai က အမှာစကား ပြောကြား ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာ စကားပြောကြားရာတွင် နိုင်ငံ တစ်ခု၏ အရေးအကြီးဆုံးအပိုင်း တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍကို ကောင်းသည်ထက်ကောင်းအောင် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်လုပ်ဆောင်နေခြင်းကို သိမြင်ပြီး မိတ်ဆွေနိုင်ငံပီသစွာ ကူညီဆောင်ရွက်ပေးခြင်းအတွက် အသိအမှတ် ပြုပါကြောင်းနှင့် သံတမန်ဆက်ဆံရေး ထူထောင် ခြင်း (၇၄)နှစ်မြောက် အထိမ်း အမှတ်အဖြစ် နှစ်နိုင်ငံပြည်သူများ အကြား ဆက်ဆံမှုတွင် မြန်မာ - တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေး အစွန့်ရှည် တည်တံ့ခိုင်မြဲပါစေ ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr.Chen Hai နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က လှူဒါန်းပစ္စည်းများကို ပေးအပ်ပြီး တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံးမှ Country Director Ms. Lin Yuan က စားရေရိက္ခာထုပ်များ ပေးအပ် သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးထံသို့ ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ပြီး ဆဋ္ဌမ တန်း ကျောင်းသူ မဂျူးသိမ့်နဒီက ကျေးဇူးတင်စကား ပြောကြား ၍ ကပြဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြ သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင် ခြင်း (၇၄)နှစ်ပြည့် အထိမ်းအမှတ် အဖြစ် ကျောင်းသား ကျောင်းသူ များ ပန်းချီဆွဲနေမှုများကို ကြည့်ရှု အားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ကျိုက်ထို ဇွန် ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် အထက(၂) ကေ့စံနိုင် ကျောင်းဝင်းအတွင်း ၌ ကျင်းပခဲ့သည်။

ဦးစွာ ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီး အရာရှိ ဦးသိန်းအောင်နိုင်က စိုက်ပျိုးမည့်ပျိုးပင်များကို အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွဋ်အောင်ထံ ပေးအပ်ခဲ့သည်။

ထို့နောက် ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင် ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊လူမှု ရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၅၂ ဦးတို့က ပျိုးပင်ပေါင်း အပင် ၄၅၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးခဲ့သည့်ပျိုးပင်များမှာ ကျွန်းပင် ၅၀၊ မဟော်ဂနီ ၁၀ ပင်၊ ပျဉ်းကတိုး ၁၀ ပင်၊ သက်န်း ၁၀ ပင်၊ ရင်ခတ်ငါးပင်၊ သစ်တို သုံးပင်၊ ယမနေပင် ၅၀၊ သစ်ပုပ်နှစ်ပင်၊ ကံ့ကော်ပင် ၅၀၊ စိန်ပန်း ၁၀ ပင်၊ မန်ဂျန်ရှားပင် ၂၀၀၊ ခရေပင် ၅၀ စုစုပေါင်း ပျိုးပင် ၄၅၀ ကို စိုက်ပျိုး ခဲ့ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**





# တန့်ယန်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**တန့်ယန်း ဇွန် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက တပ်နယ် ထင်းရှူးစိုက်ခင်း၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်းထက်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဗိုလ်မှူး ကြီးထွန်းလွင်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး နေလင်းနှင့် တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာ၊ မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း၊ ဒေသခံတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ များနှင့်အတူ ကျွန်းပင် ၅၀၊ ထင်းရှူးပင် ၅၀၊ ရေသင်းဝင် ပင် ၅၀၊ မဲဇလီပင် ၅၀၊ ခါတော်မီပင် ၅၀၊ ချယ်ရီပင် ၅၀ စုစုပေါင်း ပျိုးပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားမောင်မယ်များနှင့် ဒိုင်/ဂျူရီများ သိရှိလိုက်နာသင့်သည့် အားကစားစိတ်ဓာတ်နှင့် Fair Play အကြောင်း တစေ့တစောင်း

**မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဘက်ပေါင်းစုံမှ တွန်းအားပေးဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။**

**ကိုဌေး (ကနောင်)**



သို့ဖြစ်၍ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားမောင်မယ်များအနေဖြင့် ပြိုင်ပွဲများကို အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ကြစေရေး၊ အားကစားနည်းအလိုက် ပြိုင်ပွဲပွဲစဉ်များကို အကဲဖြတ်သုံးသပ်ဆုံးဖြတ်ပေးရမည့် ဒိုင်/ဂျူရီအဖွဲ့ဝင်များသည်လည်း စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ တရားမျှတစွာ သုံးသပ်ဆုံးဖြတ်နိုင်စေရေးနှင့် ပြိုင်ပွဲပွဲစဉ်များကို လာရောက်ကြည့်ရှုအားပေးကြမည့် ပရိသတ်များကလည်း နိုင်ငံကြီးသားပီသစွာ မျှမျှတတ အားပေးတတ်စေရေးတို့အတွက် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

## အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်

ကမ္ဘာပေါ်တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၊ ကမ္ဘာ့တိုက်ကြီးများဖလားဘောလုံးပြိုင်ပွဲ၊ ဥရောပဖလားဘောလုံးပြိုင်ပွဲ၊ Champion League ဘောလုံးပြိုင်ပွဲ၊ နိုင်ငံအသီးသီးတွင် ကျင်းပလျက်ရှိသည့် League ပြိုင်ပွဲအမျိုးမျိုးအပြင် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက ကြီးမှူးကျင်းပလျက်ရှိသည့် အားကစားနည်းအလိုက် ပြိုင်ပွဲပေါင်း မြောက်မြားစွာရှိကြပါသည်။

ပြိုင်ပွဲအသီးသီးတွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည့် အားကစားသမားများအနေဖြင့် မိမိတို့ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်းများ၏ စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို သိရှိထားကြရန် လိုအပ်သကဲ့သို့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန်လည်း အထူးလိုအပ်လှပါသည်။

အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို အားကစားသမားများ ကိုယ်တိုင်သော်လည်းကောင်း၊ ပွဲကြည့်ပရိသတ်များအနေဖြင့်သော်လည်းကောင်း သိရှိနားလည်မှုအားနည်း၍ဖြစ်စေ၊ အားကစားစိတ်ဓာတ်ကင်းမဲ့စွာ ယှဉ်ပြိုင်ခြင်းကြောင့်ဖြစ်စေ၊ သတ်မှတ်စည်းကမ်းများ၏ ဥပဒေပြင်ပယှဉ်ပြိုင်မှုများကြောင့်ဖြစ်စေ၊ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အား မကျေနပ်၍ဖြစ်စေ၊ ပရိသတ်များ၏ လွန်ကဲစွာအားပေးမှုကြောင့်ဖြစ်စေ အားကစားပြိုင်ပွဲများတွင် မကြာခဏ အငြင်းပွားမှုများ၊ ကွင်းအတွင်း ခိုက်ရန်ဖြစ်ပွားမှုများမှသည် ကွင်းပြင်ပ ပရိသတ်များအထိပါ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခ ရန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားမှုဖြစ်စဉ်များရှိခဲ့ပြီး ထိုဖြစ်စဉ်များကြောင့် လူပေါင်းရာချီ၍ သေဆုံးမှုများဖြစ်ပွားခဲ့သည့် သာဓကများ ဖြစ်ပေါ်ခဲ့ဖူးပါသည်။ သို့ဖြစ်၍ အားကစားပြိုင်ပွဲတိုင်းတွင် အားကစားသမားများအနေဖြင့် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်းမပြုသရွေ့ အလားတူဖြစ်စဉ်ဖြစ်ရပ်မျိုး မကြာခဏ ဆိုသလို ဖြစ်ပေါ်နေမည်ဟု ယူဆမိပါသည်။

အားကစားစိတ်ဓာတ်နှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားရှိသည်ကို မှတ်သားဖူးပါသည်။ မှတ်သားမိသလောက် အားကစားစိတ်ဓာတ်နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တင်ပြရလျှင်–

- အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကိုသာမက နည်းပြဆရာ၊ အုပ်ချုပ်မှု၊ အားကစားဆေးပညာရှင် အစရှိသော ပြိုင်ပွဲတာဝန်ရှိသူများ၏ လမ်းညွှန်မှုနှင့် အဆုံးအဖြတ်တို့ကို တိကျလေးစားစွာ လိုက်နာရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတိုင်းသည် ပွဲကြည့်ပရိသတ်များအား စော်ကားသည့် ရိုင်းပျစွာ်ညစ်နွမ်းသော အပြုအမူ အပြောအဆိုများကို မပြုမိစေရေး ဆင်ခြင်ရန် တစ်နည်းအားဖြင့် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်းရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကို စောင့်သိလျက် အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းယှဉ်ပြိုင်ရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ဆိုသကဲ့သို့ မလျှော့သောဇွဲ၊ သတ္တိ၊ ပြင်းပြသောလုံ့လတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ ရွှေတံဆိပ်ဆုရရှိရေးထက် ပို၍အရေးကြီးသည်မှာ ယှဉ်ပြိုင်ဘက် အားကစားသမားတစ်ဦး ဘေးဒုက္ခကြုံတွေ့နေခြင်းကို ကိုယ်ကျိုးစွန့်ပြီး ကူညီမှုဖြစ်သည်။
- အားကစားယှဉ်ပြိုင်ရာ၌ အနိုင်ရသူအပေါ် မနာလိုမှု(ဣဿာ)၊ ဝန်တိုမှု(မစ္ဆရိယ)စိတ်များ မထားရဘဲ အနိုင်ရလောက်သော အားကစားစွမ်းရည်ရှိ၍ အနိုင်ရခြင်းဖြစ်ကြောင်းနှင့် သူ့နည်းတူဖြစ်ဖို့ မိမိဘက်မှ ဆတက်ထမ်းပိုး ကြိုးစားရဦးမည်ဖြစ်ကြောင်းတို့ကို အမှန်အတိုင်းနားလည်လျက် အနိုင်ရသူနှင့်ထပ်တူထပ်မျှ ဝမ်းသာနိုင်အောင် ကြိုးစားရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ သာမန်ပွဲသေးဖြစ်၍ ရေသာခိုပြီး ကစားခြင်းနှင့် ထိပ်တန်းပွဲကြီးဖြစ်၍ အားသွန်ပြီးကစားခြင်းတို့ကို မပြုသင့်ဘဲ ပြိုင်ပွဲအပေါ်မူတည်၍ အလျှော့အတင်းဖြင့် ကစားခြင်းသည် ယှဉ်ပြိုင်မှုအလေ့အကျင့်ကို ထိခိုက်ပျက်စီးစေပါသည်။
- အားကစားယှဉ်ပြိုင်ရာ၌ အသက်အရွယ်သည် ပဓာနမဟုတ်ဘဲ ပါဝင်ဆင်နွှဲခြင်းသည်သာ ပဓာနဖြစ်ပါသည်။
- အားကစားယှဉ်ပြိုင်ရာ၌ တားမြစ်ဆေး စသည်တို့၏ အကူအညီကိုယူပြီး မရိုးဖြောင့်သည့်နည်းဖြင့် ယှဉ်ပြိုင်ခြင်းမပြုဘဲ အပြစ်ကင်းသည့်အလုပ်ကို ပြုလုပ်မိပါစေ။
- အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်းတို့နှင့်သာ ယှဉ်ပြိုင်ရမည်။
- အားကစားလေ့ကျင့်ရာ၌ လည်းကောင်း၊ အားကစားယှဉ်ပြိုင်ရာ၌ လည်းကောင်း ပွင့်လင်းမှု၊ ရိုးသားမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်မှုရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှု အစရှိသည်တို့ကို အမြဲရှိထားရပါမည်။
- အားကစားသမားချင်း တစ်ဦးကိုတစ်ဦး ရဲဘော်ရဲဘက်စိတ်ထားရှိရမည် စသည်ဖြင့် အယူအဆအမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရှိရပါသည်။

## Green Card ကိုပါ ထည့်သွင်းသတ်မှတ်

အားကစားစိတ်ဓာတ်နှင့်ပတ်သက်၍ အတွေ့အကြုံတစ်ခုကို တင်ပြရလျှင် အာရှဘောလုံးအဖွဲ့ချုပ်၏ အစီအမံဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ ကျောင်းသားလူငယ်ဘောလုံးပွဲတော်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က စတင်ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါလူငယ်ဘောလုံးပွဲတော်သို့ တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။ ထိုအချိန်မှာ ၂၀၀၄ ခုနှစ် ဇွန်လအတွင်းတွင်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် အသက်(၁၄) နှစ်အောက် ကျောင်းသားအားကစားပွဲတော် ကျင်းပခဲ့ရာ အာရှနိုင်ငံများမှ တစ်ချိန်တွင် ဘောလုံးအကျော်အမော်များဖြစ်လာမည့် လူငယ်ကျောင်းသားအားကစားသမားများ ပါဝင်ယှဉ်ပြိုင်သည့် လူငယ်ကျောင်းသားပွဲတော် (ဘောလုံးပြိုင်ပွဲ)၏ စည်းကမ်းသတ်မှတ်ချက်များတွင် Yellow Card, Red Card များအပြင် Green Card ကိုပါ ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။

တားမြစ်ထားသည့် သာမန်ပြစ်မှုများဖြစ်ပါက Yellow Card (အဝါကတ်) ပြသပြီး ပြိုင်ဘက်ကစားသမားအား ထိခိုက်နစ်နာစေလိုသောရည်ရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်ပါက တိုက်ရိုက်ထုတ်ပယ်သည့် Red Card (အနီကတ်) များကိုသာ ဒိုင်လူကြီးများသုံးစွဲသည်ကို မြင်တွေ့ခဲ့ဖူးသော်လည်း အဆိုပါကျောင်းသားအားကစားပွဲတော်တွင် ဘောလုံးအားကစားဆောင်ပုဒ်ဖြစ်သည့် Fair Play ဆောင်ပုဒ်အား မျိုးဆက်သစ်များ အတုယူလိုက်နာတတ်စေရေးအတွက် Green Card (အစိမ်းကတ်) အား ထည့်သွင်းအသုံးပြုခဲ့သည်ကို တွေ့ခဲ့ရပါသည်။

**Green Card မှာ ကစားသမားနှစ်ဦး အင်တိုက်အားတိုက် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားနေစဉ်အတွင်း တစ်ဦးလဲကျသွားပါက ကျန်အားကစားသမားတစ်ဦးက ဘောလုံးကိုဆက်မကစားဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ချက်ချင်းပြုလုပ်ပါသည်။ အလားတူ ရှေ့တန်းကစားသမားနှင့် နောက်တန်းကစားသမား ဘောလုံးယှဉ်ပြိုင်လုရင်း နောက်တန်းကစားသမား လဲကျကျန်ခဲ့ပြီး ပြိုင်ဘက်ရှေ့တန်းကစားသမားက ဂိုးသွင်းခွင့် အခွင့်အရေးရရှိသွားသော်လည်း ဂိုးသွင်းခြင်းမပြုဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ပြုလုပ်ပါသည်။**

> **❝ Green Card မှာ ကစားသမားနှစ်ဦး အင်တိုက်အားတိုက် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားနေစဉ်အတွင်း တစ်ဦးလဲကျသွားပါက ကျန်အားကစားသမားတစ်ဦးက ဘောလုံးကိုဆက်မကစားဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ချက်ချင်းပြုလုပ်ပါသည်။ အလားတူ ရှေ့တန်းကစားသမားနှင့် နောက်တန်းကစားသမား ဘောလုံးယှဉ်ပြိုင်လုရင်း နောက်တန်းကစားသမား လဲကျကျန်ခဲ့ပြီး ပြိုင်ဘက်ရှေ့တန်းကစားသမားက ဂိုးသွင်းခွင့် အခွင့်အရေးရရှိသွားသော်လည်း ဂိုးသွင်းခြင်းမပြုဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ပြုလုပ်ပါသည်။ ထိုသို့သောဖြစ်စဉ်များအား မြင်တွေ့ရပါက ဒိုင်လူကြီးက အနီးသို့ပြေးသွားပြီး ဆွဲထူပေးသည့်ကစားသမားကို အားကစားစိတ်ဓာတ်ရှိသူအဖြစ် ဂုဏ်ပြုသတ်မှတ်သည့်အနေဖြင့် Green Card အား ပြသ ❞**

စာမျက်နှာ ၇ သို့ ✻

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(သုဝဏ္ဏ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)တို့ စတင်ဖွင့်လှစ်မှု ကြည့်ရှု

**နေပြည်တော် ဇွန် ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန် ၄ ရက် နံနက်ပိုင်းက ရန်ကုန်ရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(သုဝဏ္ဏ)သို့ ရောက်ရှိပြီး အေးချမ်းပျော်ရွှင်စွာ အတန်းတက်ရောက် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပြည်သူ့အကျိုးပြု စက်မှုကျွမ်းကျင်လုပ်သားများ၊ နည်းပညာရှင်များ ဖြစ်စေရေး ရည်မှန်းချက်ထား၍ ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်မှုသင်တန်း ကျောင်းသား ကျောင်းသူများထံ ပုံနှိပ်စာအုပ်များနှင့် ပုံဆွဲသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး လက်တွေ့သုံးပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ ပုံဆွဲခန်းနှင့် ကွန်ပျူတာခန်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် စွမ်းရည်မြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားကာ ကျောင်းအုပ်ကြီးထံ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် လက်တွေ့လုပ်ငန်းများကို စိတ်ဝင်စားတက်ကြွစွာ လေ့ကျင့်လျက်ရှိကြသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားကာ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ကျောင်းသားများ စာဖတ်ရှိန် မြှင့်တင်နိုင်ရေးနှင့် စာကြည့်တိုက် ယဉ်ကျေးမှုဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး အားကစားသုံးပစ္စည်းများ ဖြည့်ဆည်းထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးထောက်ပံ့ငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့က ဇွန် ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မိသားစုဝင်များ၏ ပညာရေး ထောက်ပံ့မှုအတွက် ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒေါက်တာအောင်မိုးတို့က ငွေကျပ် သုံးသိန်း လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ နာယက ဦးအောင်လွင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံရယူကြသည်။



**လှူဒါန်း**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေးက ငွေကျပ် တစ်သိန်း ထပ်မံလှူဒါန်းပြီး အဆိုပါအခမ်းအနားသို့ အမျိုးသမီးရေးရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းလည်း တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

## မြစမ်းရေ

❖ ဖြူစိမ်းမောင်မယ်၊ ပြုံးရွှင်ရယ်လျက်<br>
လွယ်အိတ်ကိုယ်စီ၊ ကျောင်းတော်ဆီသို့<br>
ချိန်မီသွားစဉ်၊ ငါတွေ့မြင်သော်<br>
တွေးမျှင် ဆန့်တန်းမိပါ၏။

❖ စားဝတ်နေရေး၊ မိဖပေး၍<br>
ကင်းဝေးသောက၊ ငြိမ်းအေးလှ၏<br>
လုံ့လစိုက်သွန်၊ ပညာချွန်ရေး<br>
တာဝန်ကျေမှု၊ သည်တစ်ခုသာ<br>
ဂရုစိုက်ရန်၊ ပြုဖွယ်မှန်၏။

❖ လူငယ်ဘာဝ<br>
ပျော်ကြ ပါးကြ၊ ကစားကြနှင့်<br>
ပြောင်ကြ နောက်ကြ၊ စိတ်ကောက်ကြနှင့်<br>
တွက်ကြ ကျက်ကြ၊ သင်အံ့ကြနှင့်<br>
ဖွေးလွ ဖြူစင်၊ စွန်းမထင်သည်<br>
ပျံ့သင်းစရွယ်၊ ပျော်ရွှင်ဖွယ်တည့်။

❖ ခြေခံအောင်က<br>
တက္ကသိုလ်၊ မြကျွန်းသာ၌<br>
ကိုယ့်ဝါသနာ၊ ကိုယ်သန်ရာကို<br>
ရွေးကာ သင်လတ်၊ ပညာတတ်မှ<br>
ရပ်ရွာကောင်းကျိုး၊ ကိုယ့်အကျိုးကို<br>
သယ်ပိုးရန်သင့်၊ အရွယ်တင့်ပြီ<br>
ချင့်ချိန် နှိုင်းဆ ပြုတတ်စေ။<br>
ပယောဂဆို ရှောင်ခွာသွေ။<br>
အရောင်ကင်းသည့် မြစမ်းရေ။ ။

**ကို (တက္ကသိုလ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

✻ **စာမျက်နှာ ၆ မှ**

ထိုသို့သောဖြစ်စဉ်များအား မြင်တွေ့ရပါက ဒိုင်လူကြီးက အနီးသို့ပြေးသွားပြီး ဆွဲထူပေးသည့် ကစားသမားကို **အားကစားစိတ်ဓာတ်**ရှိသူအဖြစ် ဂုဏ်ပြုသတ်မှတ်သည့်အနေဖြင့် Green Card အားပြသပါသည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် ပြိုင်ပွဲဝင်အသင်းတစ်သင်းလုံး အဝါကတ်၊ အနီကတ် လုံးဝပြသခံရခြင်းမရှိသည့်အသင်းအား ကွင်းလယ်ဒိုင်လူကြီးက အနီးသို့ သွားရောက်ပြီး တစ်သင်းလုံးအား Green Card ပြသပြီး **အားကစားစိတ်ဓာတ်**ပြည့်ဝသော အသင်းအဖြစ် ဂုဏ်ပြုပါသည်။

**ပရိသတ်က ပိုမိုအားပေးဂုဏ်ပြု**

ပြိုင်ပွဲကြီးပြီးဆုံးချိန်တွင်လည်း ပထမရရှိသော အသင်းအား ဆုဖလား၊ ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သလို ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံး **အားကစားစိတ်ဓာတ်**အပြည့်အဝဖြင့် ယှဉ်ပြိုင်သည့် Green Card အများဆုံးရရှိသည့် အသင်းအား ပထမရရှိသည့်အသင်းနှင့်တန်းတူ ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ဤကျောင်းသားအားကစားပွဲတော်က ဆုချီးမြှင့်သည့် အခမ်းအနားတွင် ပထမရရှိသော အသင်းထက် အသန့်ရှင်းဆုံးဆုနှင့် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ယှဉ်ပြိုင်သည့် အသင်းအား ပရိသတ်က ပိုမိုအားပေးဂုဏ်ပြုကြသည်ကို ဂုဏ်ယူဖွယ်မြင်တွေ့ခဲ့ရပါသည်။ သို့ဖြစ်၍ အားကစားသမားတိုင်း ပြိုင်ပွဲဝင်ရာတွင် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရန်မှာ အထူးအရေးကြီးလှပေသည်။

အားကစားပြိုင်ပွဲတိုင်းတွင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် လိုအပ်သကဲ့သို့ ပြိုင်ပွဲတိုင်းတွင် Fair Play ဖြစ်စေရန်လည်း အထူးလိုအပ်လှပါသည်။

**Fair Play ဆိုသည်မှာ**

Fair Play ဆိုသည်မှာ အားကစားသမားများနှင့်သာ သက်ဆိုင်နေခြင်းမျိုးမဟုတ်ဘဲ ပြိုင်ပွဲတစ်ခု ကျင်းပပြုလုပ်မည်ဆိုလျှင် မဖြစ်မနေ ပါဝင်ပတ်သက်နေသူများဖြစ်သည့် (၁) အားကစားသမား၊ (၂) ဒိုင်လူကြီး၊ (၃) ပွဲကြည့်ပရိသတ်၊ (၄) ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် (၅) ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/အားကစားရုံအခြေအနေတို့ မဖြစ်မနေ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။ အားကစားပြိုင်ပွဲများ အထူးသဖြင့် ဘောလုံးပြိုင်ပွဲများအား အကျည်းတန်အရုပ်ဆိုးစေသည့်ဖြစ်ရပ်များမှာ ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် ပြဿနာများ ပေါ်ပေါက်ပြီး ပွဲရပ်ဆိုင်းလိုက်ရခြင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ ပြိုင်ပွဲကြီးကြပ်သူ ဒိုင်လူကြီးများအား မချေမငံ ပြုမူပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ ပရိသတ်များ၏ ဆူပူအကြမ်းဖက် ရမ်းကားခြင်းပင်ဖြစ်ပါသည်။

ယခုခေတ်တွင် အားကစားနည်းအလိုက် နိုင်ငံတကာ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနေဖြင့် မကြာခဏဆိုသလို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော နိုင်ငံတွင် အထက်ပါဖြစ်စဉ်များ ဖြစ်ပွားပါက သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံ၏ အားကစားအဖွဲ့ချုပ်များအား အရေးယူမှုများ ပြုလုပ်လာသည်အထိပင် ဖြစ်သည်ဟု ကြားသိရခြင်းမှာ မနှစ်မြို့စရာဖြစ်သည့်အပြင် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုးတို့၏ ဂုဏ်သိက္ခာကိုပင် ထိခိုက်လာစေပါသည်။ သို့ဖြစ်၍ ပြိုင်ပွဲတစ်ခု ကျင်းပရာတွင် ပါဝင်ပတ်သက်နေသူများ၏ အခန်းကဏ္ဍကို ပြန်လည်အမိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုး ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာအုပ်စုများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇွန် ၆

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုး ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ ဒေသလူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတက်စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဝေသာလီကျေးရွာသို့ ရောက်ရှိကြသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဝေသာလီကျေးရွာ ရွှေဘုံသာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကုမာရထံ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဝေသာလီကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ သစ်တွန်၊ ပြည်ထောင်ကိုး၊ ဘန့်ဘား၊ ဘို့မ၊ အလယ်ချောင်းနှင့် ကိုးတစ်ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲ တာဝန်ခံများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မြို့ပြနှင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေး ယခုကဲ့သို့ ကွင်းဆင်းလာရောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိမှသာ ဒေသဖွံ့ဖြိုးရေးဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးသည် အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုဒေသတွင် သီးနှံများ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးစေလိုပြီး နှစ်ရှည်သီးနှံပင်များ၊ ဒေသနှင့်ကိုက်ညီသည့် ကော်ဖီပင်များ စိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းနိုင်သဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ခုနစ်အုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အခြေခံကျောင်းများမှ ကျောင်းအုပ်များနှင့် ဆရာ ဆရာမများကို စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များ၊ First Aid Kid ဆေးအိတ်များနှင့် ဆေးဝါးများ၊ မျိုးစေ့များ၊ ကလေးကစားစရာပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ တောင်ပေါ်ဒေသကျေးရွာအုပ်စု ခုနစ်အုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးတို့အတွက် တင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဒေသခံတိုင်းရင်းသား ပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဝေသာလီကျေးရွာ ရွှေဘုံသာကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် ကလေးငယ်များအား တိုးချဲ့ကာကွယ်ဆေး၊ သားအိမ်ခေါင်းကာကွယ်ဆေး၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေတို့ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် ဆောင်ရွက်ပေးသည့် မွေးစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးနေမှုတို့ကို လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

---

## ပေါင်မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပေါင် ဇွန် ၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း အပူချိန်လျော့ကျလာစေရန် သစ်တောသစ်ပင်ပြုန်းတီးမှုမဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကို ယမန်နေ့ နံနက် ၈ နာရီက ကော့ထော် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။



### တက်ရောက်

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးဝင်းတို့က တက်ရောက်လာသူ များထံ အပင်များပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့သည်။

အဆိုပါ ၂၀၂၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊သစ်တောဦးစီးဌာနမှဝန်ထမ်းများက မန်ဂျန်ရှားပင် ၃၈၀၊ ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်းပျိုးပင်ပေါင်း ၆၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

---



## ရှောင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ရှောင် ဇွန် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရှောင်မြို့နယ်၌ လူထုပူးပေါင်းပါဝင်သည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးတို့က ပျိုးပင်များအား ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် သစ်ပင်ချစ်မြတ်နိုးသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ခါတော်မီ၊ မဲဇလီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ချယ်ရီ၊ မဟော်ဂနီ၊ ယူကလစ် ပျိုးပင်ပေါင်း ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရှောင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးသွားမည့် လူထုဖြန့်ပျိုးပင် ၂၅၀၀၀ ဖြန့်ဝေပေးလျက်ရှိရာ ပျိုးပင်များကို လာရောက်ထုတ်ယူ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## ကျိုက်မရောမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျိုက်မရော ဇွန် ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက် ၈နာရီက ပိန္နဲကုန်းကျေးရွာ သီဟိုဠ်စမ်းတောရကျောင်းဝင်း၌ ကျင်းပခဲ့သည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မိုးဦးတို့က တက်ရောက်လာသူများထံ အပင်များပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခဲ့ကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၁၅၀ ခန့်ဖြင့် ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင် ၂၀၀၊ မဟော်ဂနီပင် ၁၅၀၊ စိန်ပန်းပင် ၃၀၊ အော်ရေးရှားပင် ၂၇၀ စုစုပေါင်း ပျိုးပင်၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**မိချို (ပြန်/ဆက်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/CFT ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၆**

AML/CFT ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။



**စနစ်တကျဖွဲ့စည်းထားရန် လိုအပ်**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ Chief Compliance Officer များသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၈ (ခ) အရ အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသည့်အရာထမ်းများဖြစ်ရန် လိုအပ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) လုပ်ငန်းများဆောင်ရွက်ရန်အတွက် မိမိ၏ Compliance Team ကို ကျွမ်းကျင်သူများဖြင့် စနစ်တကျဖွဲ့စည်းထားရန် လိုအပ်ကြောင်း၊ လက်ရှိကာလတွင် နည်းပညာတိုးတက်မှုကို အလွဲသုံးစားပြုနေသော အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုများ၊ မူးယစ်ဆေးဝါးနှင့် အဂတိဆိုင်ရာမှုခင်းများ၊ အကြမ်းဖက်မှုနှင့် ငွေကြေးထောက်ပံ့မှုများကို တားဆီးတိုက်ဖျက်သွားရန် လိုအပ်ကြောင်း၊ ဘဏ်များအနေဖြင့် AML/CFT တာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ပေးထားရန်လိုအပ်ပြီး သတင်းအချက်အလက် လုံခြုံရေးအတွက်လည်း အထူးဂရုပြုရန် လိုအပ်ကြောင်း၊ ထို့ပြင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများအနေဖြင့်လည်း လာရောက်ဆက်သွယ်သူများကို CDD စိစစ်ခြင်းကို တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် Level -2 အဆင့်သတ်မှတ်ချက်အတိုင်း အချက်အလက်များပြည့်စုံစွာဖြင့် ထိန်းသိမ်းထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ တပ်ဖွဲ့မှူးက TTR/STR များ ပေးပို့ရာတွင် အမှားအယွင်းမရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ သေချာစွာစိစစ်ဆောင်ရွက်ရန်နှင့် မိမိအဖွဲ့အစည်းရှိ Compliance Officer များနှင့် Front Line Officer များကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနကြီးနှင့် ငွေကြေးဈေးကွက်၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာနကြီးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ လိုက်နာဆောင်ရွက်ရန် အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများက ပြန်လည်ဆွေးနွေးကြသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် အစိုးရဌာနဆိုင်ရာအသီးသီးနှင့် ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ဘဏ်မဟုတ်သော စီးပွားရေးအဖွဲ့အစည်းနှင့် လုပ်ငန်းများအားလုံးသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia/Pacific Group on Money Laundering - APG) သို့ တစ်နှစ်လျှင်တစ်ကြိမ် တင်ပြလျက်ရှိသည့် စဉ်ဆက်မပြတ် အစီရင်ခံစာ (Follow-up Report) တွင် အကြံပြုချက်အမှတ် ၂၆ "ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း" သည် တစ်စိတ်တစ်ပိုင်းလိုက်နာဆောင်ရွက်ခြင်းအဆင့်မှ ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်ပေးခဲ့ကြောင်းစသည့် စံနှုန်းသတ်မှတ်ချက်အဆင့် တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပျဉ်းမနားမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့တွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနိုင်ဦးက ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည် ထောက်ပံ့ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေလနောက်ဆုံးပတ်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ယုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြတ်မြတ်မွန်က မတည်ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းခြောက်သင်းအား သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ငွေကျပ် ၂၂၂၃၄၈၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ပို့ကုန်တိုးမြှင့်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ရေချိုငါးတင်ပို့မှု

**နေပြည်တော် ဇွန် ၆**

ပြည်တွင်းမွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ စသည့်ရေချိုငါးများကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဓိကအများဆုံးဝယ်ယူလျက်ရှိရာ ယခင်က စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းက စစ်ဆေးမှုများပြုလုပ်ပြီး တင်ပို့ခဲ့သော်လည်း ယခုအခါ ပို့ကုန်လမ်းကြောင်းသစ်အဖြစ် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့မည့် ရေချိုငါးများအား အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် စံပြငါးဈေး (အောင်မင်္ဂလာဆိပ်ကမ်း) ကို ယာယီဆိပ်ကမ်းအဖြစ် သတ်မှတ်ပြီး အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရေကြောင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ပါဝင်သည့် One Stop Services(OSS) အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထိုသို့တင်ပို့ရာတွင် One Stop Services (OSS) အဖွဲ့မှ နေ့စဉ်တင်ပို့မှုကို အဖွဲ့ဖြင့် စနစ်တကျစစ်ဆေးပြီးပါက Seal ပိတ်ခြင်း၊ ပို့ကုန်လိုင်စင်နှင့် ပို့ကုန်ကြေညာလွှာပါအတိုင်း ငါးအမျိုးအစား၊ အရေအတွက်ကွဲလွဲမှုမရှိစေရေး ရေယာဉ်ပေါ်တွင် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းပစ္စည်းများ ပါရှိမှုမရှိစေရေး တို့အတွက် စနစ်တကျစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စံပြငါးဈေး (အောင်မင်္ဂလာဆိပ်ကမ်း) မှ ၂၀၂၄ ခုနှစ် မတ်လမှ ဇွန် ၁ ရက်ထိ သင်္ဘော ၁၀ စင်းဖြင့် ငါးမျိုးစုံ ၁၀၈၁၂ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မုတ္တမဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကွမ်းသီး၊ ဆီး(ဇီး)ထုပ်၊ ငါးနီတူခြောက်၊ မုန့်ဖတ်ခြောက်၊ ကော်ဖီမစ်၊ မာမီးခေါက်ဆွဲ၊ ရွှေပြည်နန်းသနပ်ခါး၊ ဖိနပ်၊ ကျောက်ချဉ်၊ ဆေးကုလားမ စုစုပေါင်းတန်ချိန် ၆၂၃ တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ တက္ကသိုလ် (၁၀)မြို့နယ်ဆောင်အနီး၌ ကျင်းပခဲ့သည်။

**ပျိုးပင်ပေါင်း သုံးသိန်း ဖြန့်ဝေပေးသွားမည်**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း မွန်ပြည်နယ်တစ်ဝန်း သစ်ပင်စိုက်ပျိုးပွဲတော် (၁၃)ကြိမ် ကျင်းပမည်ဖြစ်ပြီး သစ်ပင်ပေါင်း ၈၈၄၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကာ ပြည်သူလူထုနှင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များကို သစ်မျိုး ၁၈ မျိုးနှင့် ပျိုးပင်ပေါင်း သုံးသိန်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များ တည်ထောင်စိုက်ပျိုးခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်မှတ်ယူပြီး ဌာနဆိုင်ရာများ၊ ပြည်သူများ၊ အဖွဲ့အစည်းများ ပူးပေါင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မိုးရာသီသစ်ပင်များကို စိုက်ပျိုးရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သစ်မာအမျိုးအစားများဖြစ်သော ကျွန်း၊ သက်န်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မဟော်ဂနီ၊ ယမနေ၊ မန်ကျည်းရှား၊ စိန်ပန်းကြီး၊ ခရေ၊ ကံ့ကော် စသည့် သစ်ပင်အမျိုးအစားများ စိုက်ပျိုးခဲ့ပြီး တက်ရောက်လာသူများက သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

မွန်ပြည်နယ်အနေဖြင့် သစ်တောဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီတွင် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လူထုဖြန့်ပျိုးပင် လျာထားချက်အပင်ရေ သုံးသိန်းကို စိုက်ပျိုးထားရှိပြီး နှစ်စဉ်နှစ်တိုင်း ကျရောက်သည့် ယခုလို မိုးရာသီကာလတွင် သစ်ပင်အမျိုးမျိုးတို့ကို ဒေသစိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်ပြုန်းတီးမှုများကိုပြန်လည်အစားထိုးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုနှင့် ဂေဟစနစ်ပြောင်းလဲမှုများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



## ပြည်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပြည် ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ပြည်မြို့ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ အမှုဆောင်ဒါရိုက်တာတို့၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆိုင်ရာ ပေးပို့သော သဝဏ်လွှာနှင့် ဗီဒီယိုဖိုင်တို့အား ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြည်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် “သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု” ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အထက(၅)ပြည်၊ အလက(အုတ်ပုံ)နှင့် အမက (တည်သီးပြင်)ကျောင်းတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

## အင်ပူမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အင်ပူ ဇွန် ၆**

ရောဝတီတိုင်းဒေသကြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၆၅/၃)အနီး ကျောင်းကွင်းအုပ်စုတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ပျိုးပင်များအား ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များထံ ပေးအပ်ခဲ့သည်။ ထို့နောက် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသော်မွန်းကိုနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်ပူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၁၀ တို့က ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ ကံ့ကော်ပင် ၁၅၀၊ ခရေပင် ၁၅၀၊ ယူကလစ်ပင် ၂၅၀၊ မန်ကျည်းရှားပင် ၂၅၀၊ မျောက်ငိုပင် ၁၀၀ စုစုပေါင်းအပင် ၁၂၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## မင်းလှမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မင်းလှ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်သစ်တောဦးစီးဌာနက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့တွင် ရွှေဝါမြိုင်သစ်တောပျိုးဥယျာဉ်စခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးမင်းတို့က သစ်ပင်စိုက်ပျိုးမည့်တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ကျွန်း ၁၀၀၊ ပျဉ်းကတိုး ၁၀၀၊ မဟော်ဂနီ ၁၀၀၊ ယမနေ ၁၀၀၊ မန်ကျည်းရှား ၁၀၀ စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မအူပင်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မအူပင် ဇွန် ၆**

ရောဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ် (၄) ရပ်ကွက်ရှိ တိုးရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ပေးပို့သောသဝဏ်လွှာ ကောက်နုတ်ချက်များကို ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip အား ပြသခဲ့သည်။ ၎င်းနောက် လက်ထောက်ညွှန်ကြားရေးမှူးက ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်များအား ရှင်းလင်းပြသရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

○ ကျောဖုံးမှ

ဥက္ကာနိုင်၊ မောင်မောင်လွင်တို့ဖြင့် ပွဲထွက်လာပြီး ဂျပန်အသင်းမှာမူ နာမည်ကြီးကစားသမားများဖြစ်သည့် ကူဘို၊ မီနာမီနို၊ အန်ဒို၊ ယူအီဒါတို့မပါဝင်ဘဲ ဒိုအန်၊ တာနီဂူချီ၊ နာကာမူရာ၊ အိုဂါဝါ၊ ကာမာဒါတို့ဖြင့် ပွဲထွက်ခဲ့သည်။ ဂျပန်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး သွင်းယူခဲ့ပြီး အနိုင်ဂိုးများကို ၁၇၊ ၉၀+၃ မိနစ်တွင် နာကာမူရာ၊ ၃၄ မိနစ်တွင် ဒိုအန်၊ ၇၅၊ ၈၃ မိနစ်တွင် အိုဂါဝါတို့က သွင်းယူခဲ့သည်။ ယခုပွဲကိုမြန်မာဘောလုံးပရိသတ်အများအပြားလာရောက်အားပေးခဲ့ပြီး ၂၀၀၀၀ ကျော်အထိ တစ်ခဲနက်အားပေးခဲ့ကြသည်။

အုပ်စု(ခ)အခြားပွဲတွင် မြောက်ကိုရီးယားအသင်းက ဆီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (ခ) တွင် ငါးပွဲစီကစားအပြီး၌ ဂျပန်အသင်းက ၁၅ မှတ်၊ ဆီးရီးယားအသင်းက ခုနစ်မှတ်၊ မြောက်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ် ရရှိထားသည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - သော်ကြီး

# ဆည်ရေပံ့ပိုး ဆီထွက်တိုးစေမည်

ကျော်ကျော်

သန်စွမ်းစိမ်းစိုနေသည့် နှမ်းစိုက်ခင်းများသည် တစ်မျှော်တစ်ခေါ် ရှုမဆုံးတော့သည်။ စိုက်ပျိုးရန် မြေပြင်ခြင်း၊ မျိုးစေ့ချခြင်းတို့အပြင် စိုက်ပျိုးနည်းစနစ်အဆင့်ဆင့်တို့ကို စနစ်တကျ လုပ်ဆောင်ခဲ့ပြီး ၄၅ ရက်သားခန့်ရှိနေချိန်တွင် ယခုကဲ့သို့ တွေ့မြင်ရခြင်းဖြစ်သည်။

စိုက်ပျိုးရေးတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေကို ချောင်းပိတ်ဆည်များမှ ရရှိသဖြင့် မိုးစပါးအပြင် နွေစပါး၊ ပဲတီစိမ်း၊ နွေနှမ်း၊ ဆောင်းသီးနှံ မတ်ပဲ၊ ကုလားပဲ၊ နေကြာအစရှိသည့် သီးနှံများကို သီးထပ်သီးညှပ်များဖြင့် နှစ်သီးစားမှ သုံးသီးစားအထိ တိုးမြှင့်စိုက်ပျိုးလာနိုင်ခဲ့သည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် (၂၀၂၃-၂၀၂၄)ခုနှစ်၌ ယာယီချောင်းပိတ်ဆည် ၁၁ ခု တည်ဆောက်နိုင်ခဲ့ပြီး နွေသီးနှံရာသီအတွက် အကျိုးပြုဧက ၁၂၈၃ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။



### ယာယီရေထိန်းဆည်များ တည်ဆောက်

အရှေ့ရိုးမနှင့် အလယ်ရိုးမအကြား၌ တည်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပေါင်းလောင်း (စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေချောင်းအပါအဝင် ချောင်း၊ မြောင်းများနှင့် ရေလှောင်တမံ၊ ဆည်နှင့်ကန်စုစုပေါင်း ၃၂ ခု တည်ရှိနေသည်။ ဆင်သေချောင်း၊ နဝင်းချောင်း၊ မဒန်းချောင်း၊ ပုလွေချောင်းများသည် တစ်နှစ်ပတ်လုံး ရေစီးဆင်းလျက်ရှိသဖြင့် တစ်ပိုင်တစ်နိုင် ယာယီရေထိန်းဆည်များ တည်ဆောက်ပြီး လျှပ်စစ်ရေတင်၊ ဆိုလာရေတင်များဖြင့် နွေသီးနှံစိုက်ပျိုးနိုင်ရေး ရေပေးဝေလျက်ရှိသည်။

"အရင်က အဝီစိတွင်းကနေ စက်သုံးဆီနဲ့ ရေတင်ပြီး တစ်ပိုင်တစ်နိုင် နှစ်ဧကလောက် စိုက်ပါတယ်။ စက်သုံးဆီဈေးကြီးတဲ့အတွက် ကိုယ်ပိုင်စက်တွေနဲ့ ရေတင်ပြီး နွေသီးနှံစိုက်ပျိုးနိုင်ဖို့က တောင်သူတွေအတွက် အိပ်မက်တစ်ခုဖြစ်လာတယ်။ မိုးမျှော်ပြီး စိုက်ပျိုးရတာဆိုတော့ နွေကာလ မိုးမရရင် ဘာမှမစိုက်နိုင်ဘူး။ အခုလို ယာယီချောင်းပိတ်ဆည်တွေ ပြုလုပ်ပေးတဲ့အတွက် ကျွန်တော်တို့အဖို့ စက်သုံးဆီဖိုး ငွေကုန်ကျမှုမရှိတော့ဘူး။ အခုတော့ နွေအခါမှာ ချောင်းပိတ်တမံတွေကနေ လိုတဲ့အချိန်လိုသလောက် စိုက်ပျိုးရေရပြီဆိုတော့ အတော်အားကိုးရသွားပြီ။ စိုက်ချင်သလောက်စိုက်လို့ရပြီ"ဟု ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ကမ္ဘာနှင့်တစ်ဝန်းပြောင်းလဲလာသည့် ရာသီဥတုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုလျော့နည်းလာပြီး စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ရေးမှာ တောင်သူတို့အတွက် စိန်ခေါ်မှုအသွင်ဖြင့် ရင်ဆိုင်နေကြရသဖြင့် နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေသည် စတုရန်းမိုင် ၂၇၂၄ မိုင်ရှိပြီး စိုက်ပျိုးမြေဧရိယာဧက စုစုပေါင်း ၃၂၀၀၀၀ ကျော်ရှိသည်။ မြေဆီမြေနှစ် ကောင်းမွန်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခြေအနေကောင်းများရှိပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်နှင့်အညီ Clean City, Green City, Smart City ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"နေပြည်တော်ကို Green City, Clean City, Smart City ဖြစ်အောင် ဆောင်ရွက်ဖို့ ညွှန်ကြားထားတာရှိပါတယ်။ မိုးရာသီကာလမှာ ဆည်ရေ မိုးရေတွေနဲ့ စိုက်ပျိုးရေလုံလောက်ပေမယ့် နွေကာလမှာ သီးထပ်တွေ စိုက်ပျိုးဖို့ ခက်ခဲပါတယ်။ ဒါကြောင့် သီးထပ်စိုက်နိုင်အောင် မိုးတွင်းမှာ စီးလာတဲ့ ချောင်းရေတွေကို ဆုံးရှုံးမသွားအောင် ယာယီချောင်းပိတ်ဆည်တွေ၊ လျှိုပိတ်တမံတွေ တည်ဆောက်ပြီး ရေသိုလှောင်ထားဖို့ဆောင်ရွက်ပါတယ်။ သဲချောင်းတွေမှာဆိုရင် သဲထဲမှာရှိတဲ့ ရေတွေကို မြေအောက်တမံတွေနဲ့ပိတ်ပြီး အပေါ်တက်လာတဲ့ရေကို ထုတ်လို့ရအောင် ယာယီရေတားတမံတွေ တည်ဆောက်ပြီး ရေပေးဝေနိုင်ရေးကို နည်းလမ်းအမျိုးမျိုးနဲ့ ဆောင်ရွက်နေပါတယ်။ နေပြည်တော်ဒေသတစ်ခုလုံး စိမ်းလန်းစိုပြည်သာယာဖို့အတွက် စိုက်ပျိုးရေလုံလောက်အောင် ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံကနေ ရေအရင်းအမြစ်အသစ်တွေကို ကြိုးပမ်းရှာဖွေဆောင်ရွက်လျက်ရှိပါတယ်" ဟု နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

### နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်

မိုးရာသီအကုန်တွင် ချောင်းများ၊ မြောင်းများမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာအထိ စီးဆင်းသွားမည့် ရေများကို အလဟဿမဖြစ်စေရေးအတွက် ချောင်းများ မြောင်းများပေါ်တွင် မိုးရေများကို သဲအိတ်များ၊ မျှော၊ ဝါးကပ်၊ မိုးကာစသည်တို့ဖြင့် ယာယီချောင်းပိတ်ဆည်များ ပြုလုပ်၍ နွေရာသီတွင် နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်နယ်မြေအတွင်းရှိ စိုက်ပျိုးမြေများကို တစ်နှစ်ပတ်လုံး သီးနှံများစိုက်ပျိုးပြီး စိမ်းလန်းစိုပြည်ကာ Green City ဖြစ်စေရေးနှင့် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးကာ သီးထပ်စွမ်းအား တိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ လက်ရှိရေအရင်းအမြစ်သယံဇာတများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ ရေအသုံးချသူအဖွဲ့(WUG)တောင်သူများနှင့် ပူးပေါင်း၍ အလေအလွင့်မရှိ စနစ်တကျချွေတာ အသုံးပြုလျက်ရှိသလို ထပ်မံရရှိနိုင်သော ရေအရင်းအမြစ်အသစ်များကို စူးစမ်းလေ့လာ၍ ဖော်ထုတ်အသုံးချနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

"စိုက်ပျိုးရေလုံလောက်စေဖို့ ရှားစေးဖိုလျှပ်စစ်ရေတင်က ရေဆင်းဆည်ရေသောက်ဧရိယာ၊ သာစည်ကျေးရွာအနီး ရှုံးပင်ချောင်း ယာယီရေထိန်းဆည်က မဒန်းရေသောက်ဧရိယာနဲ့ ဒိုးနွယ်ကျေးရွာအနီး ပုလွေချောင်းယာယီရေထိန်းဆည်က ဆင်အုံကန်ကိုရေကူပြီး ချောင်းမငယ် ရေသောက်ဧရိယာကို ရေကူပေးဝေလျက်ရှိပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

### စိုက်ပျိုးစရိတ်ကုန်ကျမှု လျော့နည်းသက်သာ

ယာယီချောင်းပိတ်ဆည်များ တည်ဆောက်လိုက်သည့်အတွက် ယခင်က ရေထိပ်အမြင့်သည် ၁၅ ပေခန့် ရှိခဲ့ရာမှ ယခုအခါ ရေထိပ်အမြင့် ငါးပေအထိ ရရှိလာခဲ့သည်။ ထိုသို့ချောင်းပိတ်ဆည်များမှ ရေများကို ဆိုလာစနစ်၊ လျှပ်စစ်ရေတင်စနစ်များဖြင့် ရေစုပ်ယူဖြန့်ဝေပေးလျက်ရှိသဖြင့် စိုက်ပျိုးစရိတ် ကုန်ကျမှု လျော့နည်းသက်သာလာခဲ့သည်။

"အခုဆောင်ရွက်ပေးနေတဲ့ ချောင်းပိတ်ဆည်တွေက ကုန်ကျစရိတ်နည်းနည်းနဲ့ အကျိုးအမြတ်များတဲ့ Quick Win လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးခဲ့တဲ့နေရာတွေက အရင်က မိုးစပါး တစ်သီးတောင် ရာသီဥတုဖောက်ပြန်ရင် စပါးအရ နည်းတဲ့နေရာတွေပါ။ အခုလို ချောင်းပိတ်ဆည်တွေ ဆောက်လုပ်ပေးလိုက်တဲ့အတွက် မိုးစပါး အောင်ရေ၊ ဆောင်းသီးနှံအောင်ရေ၊ နွေသီးနှံ စိုက်ပျိုးရေသာမက ပင်ဖြစ်ရေ၊ အောင်ရေတွေပါ ပေးဝေနိုင်တာကြောင့် တောင်သူတွေအနေနဲ့ အကျိုးအမြတ် အများအပြားရရှိနေပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

### ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအစီအမံများ ချမှတ်ပြီး ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ဇုန်အလိုက် စိုက်ပျိုးမည့်စီမံချက်ကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိရာ ချောင်းပိတ်ဆည်များမှ ဆည်ရေရယူကာ နွေကာလတွင် ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးနိုင်ခြင်းသည် ပြည်တွင်းစားသုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာတော့မည်ဖြစ်သည်။

"နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုဖြစ်တဲ့ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နွေစပါး စိုက်ပျိုးတဲ့အပြင်ဘက် ဆည်ရေသောက်ဧရိယာတွေမှာ နွေသီးနှံဖြစ်တဲ့ နွေနှမ်းတို့ချဲ့စိုက်ပျိုးဖို့ တောင်သူတွေကို တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ အခုနွေသီးနှံမှာ နွေနှမ်းကို အဓိကထား စိုက်ပျိုးလာတဲ့အတွက် နိုင်ငံတော်ရဲ့ စားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေသာမက သောက်ရေသုံးရေပါ အသုံးပြုနိုင်သည့်အပြင် ရေရှိသည့်အတွက် သစ်ပင်များ အောင်မြင်ဖြစ်ထွန်းကာ ရပ်ရွာဒေသစိမ်းလန်းစိုပြည်လာပြီး သစ်ပင်သစ်တောများကြောင့် ရာသီဥတုဖောက်ပြန်မှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်လာမည်ဖြစ်သည်။

နွေရာသီရေရှားပါးမှုကို လျော့ပါးသက်သာစေပြီး ရေကိုလိုအပ်သည့်အချိန် လိုသလို ရယူနိုင်သည့်အတွက် တောင်သူများအနေဖြင့်လည်း နှစ်သီးမှ သုံးသီးအထိ တိုးတက်စိုက်ပျိုးနိုင်လာကာ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည်။

ထို့ပြင် ဒေသအတွင်းထွက်ရှိသည့် သီးနှံများကို Dry food များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် ချောင်းပိတ်ဆည်များ တည်ဆောက်နိုင်ခြင်း အပါအဝင် ရေအရင်းအမြစ်အသစ်များ ဖော်ထုတ်အသုံးပြုခြင်းသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အထောက်အကူ ဖြစ်စေမည့်အပြင် တစ်ဦးချင်းဝင်ငွေမှသည် တိုင်းပြည်ဝင်ငွေများ တိုးတက်ရရှိလာကာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအစီအမံများချမှတ်ပြီး ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ဇုန်အလိုက် စိုက်ပျိုးမည့်စီမံချက်ကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိရာ ချောင်းပိတ်ဆည်များမှ ဆည်ရေရယူကာ နွေကာလတွင် ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးနိုင်ခြင်းသည် ပြည်တွင်းစားသုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာတော့မည်"**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတက်ရောက်

မုံရွာ ဇွန် ၆

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်စာစောင်များကို မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ၁၃ ကျောင်းမှ ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းကြပြီး ဆရာမကြီးများက ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရေးတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများက ဟောပြောဆွေးနွေးကြသည့် ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုများနှင့် စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များစနစ်တကျထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန်မြှင့်တင်ရေး ကျောင်းသား ကျောင်းသူများ စာဖတ်ဝိုင်းဆွေးနွေးပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားရှိသော



သုတ၊ ရသ စာအုပ်စာစောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရန်ကင်းမြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်

ရန်ကင်း ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင် ဦးဆောင်သည့်အဖွဲ့က အမှတ်(၁၅)ရပ်ကွက်အတွင်း နေထိုင်ကြသော မြန်မာတိုင်းရင်းသားလူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်အဆင့်(၁)၊ (၂)တို့တွင် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအခါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြို့နယ်အတွင်းနေပြည်သူများအား မေ ၃ ရက်မှစတင်ကာ စက်တင်ဘာ ၃၀ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## အမျိုးသမီးသင်္ဘောသားများ သင်္ဘောပေါ်တွင်ကြုံတွေ့ရသည့် အတွေ့အကြုံများမျှဝေမည့် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၆

အမျိုးသမီး သင်္ဘောသားများနှင့် အပျော်စီးသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်မည့် အမျိုးသမီးသင်္ဘောသားများ ဗဟုသုတတိုးပွားစေရန်အတွက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ဦးဆောင်ပြီး “အမျိုးသမီးသင်္ဘောသားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ” ဟောပြောပွဲကို ဇွန် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် အပျော်စီးသင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း အသက်မွေးဝမ်းကျောင်းပြုနေသည့် အမျိုးသမီးသင်္ဘောသားတစ်ဦးဖြစ်သော မနော်အယ်ဒီနာစန်းက သင်္ဘောပေါ်တွင် ကြုံတွေ့ရမည့် အတွေ့အကြုံများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပြီး အမျိုးသမီးသင်္ဘောသားများ၊ သင်္ဘောသားများ၊ သင်္ဘောလိုက်မည့်သူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

“၂၀၀၀ ပြည့်နှစ်နောက်ပိုင်းလောက်မှာ မြန်မာအမျိုးသမီးအများစုက အပျော်စီးသင်္ဘောတွေပေါ်မှာ ဟိုတယ်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်တာ လူဦးရေ ၃၀၀၀ လောက်ရှိမယ်လို့ ထင်ပါတယ်။ ၂၀၀၆ ခုနှစ်မှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)ကနေ ရွှေ့လျားသွားလာနေတဲ့ သင်္ဘောတွေမှာ တာဝန်ထမ်းဆောင်သူ မည်သူမဆို သင်္ဘောသားအလုပ်သမားအဖြစ် သတ်မှတ်လိုက်တဲ့အတွက် အမျိုးသမီးသင်္ဘောသားတွေ ဖြစ်လာတယ်။ အခုဆို ကျွန်တော်တို့နိုင်ငံ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနကဖွင့်တဲ့ သင်တန်းတွေတက်ပြီး သင်္ဘောသားပတ်စပို့ ကိုင်ပြီး ပြည်ပထွက်အလုပ်လုပ်ကိုင်နေတဲ့ အမျိုးသမီးသင်္ဘောသား ၇၀၀ ကျော်ခန့်ရှိပါတယ်”ဟုမြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ပြောသည်။

ခရီးသည်တင်သင်္ဘောများတွင် တာဝန်ထမ်းဆောင်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်နေသည့်အတွက် သွားရောက်လုပ်ကိုင်ကြမည့်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားနိုင်စေရန်နှင့် သွားရောက်လုပ်ကိုင်ရာတွင် အဆင်ပြေစေရန်အတွက် ယခုကဲ့သို့ ဟောပြောပွဲများ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပင်လယ်ကူးသင်္ဘောသားများ၏ အခက်အခဲများကိုလည်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်တွင် လာရောက်ဆွေးနွေးတိုင်ပင်နိုင်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## တောင်ငူမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မြေစိုက်ပိုစတာစိုက်ထူ



တောင်ငူ ဇွန် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီက ဦးဆောင်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ပြည်သူလူထုလှုံ့ဆော်ရေး မြေစိုက်ပိုစတာ ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီ ၁၅ မိနစ်က မိုင်ဒါကွင်းရှေ့ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၌ ကျင်းပခဲ့သည်။

ထို့သို့ကျင်းပရာတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင်နှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ခရိုင် (ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်အတွင်း တီရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပျဉ်းမနား ဇွန် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကို၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲ(ရုံးချုပ်)မှ သုတေသနအရာရှိ ဒေါက်တာလှိုင်ဝင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထိုက်ဖြိုးတို့က ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး မွေးမြူရေးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ယင်းနောက် ကျေးရွာအတွင်းမှ နွားပိုင်ရှင် ငါးဦး၏ နွားကောင်ရေ ၂၁ ကောင်နှင့် ဝက်ပိုင်ရှင် ငါးဦး၏ ဝက် ၃၂ ကောင်တို့အား ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပျဉ်းမနား)**



# စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်လိုသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင် ပြောကြား

**မော်စကို ဇွန် ၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်က စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်လိုကြောင်း စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်၌ ပြောကြားသည်။



စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ဇွန် ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံနှင့်ဒေသပေါင်း ၁၃၆ ခုမှ ၁၇၀၀၀ ခန့်လာရောက်မည်ဖြစ် ကြောင်း စီးပွားရေးဖိုရမ်ကျင်းပရေးကော်မတီ တာဝန်ရှိသူများက ပြောကြားသည်။

ယခုနှစ်တွင် အိန္ဒိယ၊ တရုတ်အပါအဝင် BRICS မူဘောင်ပါ နိုင်ငံများနှင့် ဆက်ဆံရေး အားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ BRICS သည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ တည်ထောင်ထားသည့် အစိုးရကြားအဖွဲ့အစည်းတစ်ခုဖြစ်သည်။

ရုရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် တိုးတက်မှုနှုန်း ၅ ဒသမ ၄ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း ပူတင်က ပြောကြားသည်။

နိုင်ငံ၏စီးပွားရေး တိုးတက်ကောင်းမွန်လာမှုကို ဆက်လက်ထိန်းသိမ်းထားမည်ဟု ပူတင်က အခိုင်အမာပြောကြားသည်။

ရုရှားစီးပွားရေး အမှုဆောင်အရာရှိ ကာတီရီနာ တစ်ခ်ခိုနိုဗာသည် ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးတစ်ခုသို့ တက်ရောက်မည်ဖြစ်သည်။ မျိုးရိုးဗီဇသုတေသန ပါရဂူ မာရီယာ ဗိုရိုဆိုဗာသည် ဇီဝဗေဒနှင့် စီးပွားရေးအကြား ဆက်နွယ်မှုအကြောင်းကို ဟောပြောမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ခရီးသွားလာခွင့်ပိတ်ပင်မှုများအပါအဝင် ပိတ်ဆို့အရေးယူမှုများနှင့် ရင်ဆိုင်နေရသည်။

ပူတင်သည် စီးပွားရေးပိတ်ဆို့အရေးယူမှုခံနေရသည့် နိုင်ငံအချို့ကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။ တာလီဘန်များကို တားမြစ်ထားသော အကြမ်းဖက်အဖွဲ့များစာရင်းမှ ဖယ်ရှားပြီး ၎င်း၏ခေါင်းဆောင်များကို အာဖဂန်နစ္စတန်နိုင်ငံ၌ တရားဝင်အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်အဖြစ် အသိအမှတ်ပြုရန် မျှော်လင့်ရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# လာမည့်ငါးနှစ်အတွင်း ကမ္ဘာ၏ ပျမ်းမျှအပူချိန် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်ထက် ကျော်လွန်သွားနိုင်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့က ခန့်မှန်းပြောကြား

**ဂျီနီဗာ ဇွန် ၆**

လာမည့်ငါးနှစ်အတွင်း ကမ္ဘာ၏ ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ထက် ကျော်လွန်သွားနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်းဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသအခြေအနေများကို ပညာရှင်များက ကြိုတင်ခန့်မှန်းလေ့လာချက်များအပေါ်တွင် အခြေခံ၍ ယခုခန့်မှန်းချက်များကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ထပ်လောင်းပြောကြားသည်။ လာမည့်ငါးနှစ်အတွင်း ဖြစ်လာနိုင်သည့် အပူချိန်များသည် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်းက ရှိခဲ့သည့် ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၁ မှ ၁ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်အထိ ပိုမိုမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

၂၀၁၅ ခုနှစ်တွင်သတ်မှတ်ခဲ့သည့် ပါရီသဘောတူညီချက်အရ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အထိသာကန့်သတ်ရန် သဘောတူခဲ့သည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်မှ စတင်၍ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်ထက် ကျော်လွန်နိုင်ခြေမြင့်မားလာနေကြောင်း သိရသည်။ မိမိတို့အနေဖြင့် သင့်တော်သလိုစီမံဆောင်ရွက်ခြင်းမရှိပါက ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အထိသာ ကန့်သတ်ရန်ထားရှိသည့် ရည်မှန်းချက်နှင့် လွဲချော်နိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့မှ တာဝန်ရှိသူကိုဗာရက်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**






# ဂါဇာကမ်းမြောင်အလယ်ပိုင်း Nuseirat စခန်းရှိ စာသင်ကျောင်းတစ်ကျောင်းကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

**ဂျေရုဆလင် ဇွန် ၆**

ဂါဇာကမ်းမြောင် အလယ်ပိုင်းရှိ Nuseirat စခန်းရှိ စာသင်ကျောင်းတစ်ကျောင်းကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ယင်းလေကြောင်းတိုက်ခိုက်မှုတွင် ပါလက်စတိုင်း ၃၅ ဦးထက်မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ WAFA က ယနေ့ပြောကြားသည်။

အစ္စရေး တိုက်လေယာဉ်တစ်စင်းသည် ဒုံးကျည်အများအပြားဖြင့် စာသင်ခန်းသုံးခန်းထက်မနည်းကို ဖုံးကြဲခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆင်ဟွာသို့ ထပ်လောင်းပြောကြားခဲ့သည်။ ဟားမတ်စ်အဖွဲ့မီဒီယာရုံးက စာသင်ကျောင်းအား အစ္စရေး၏ ယခုကဲ့သို့ တိုက်ခိုက်မှုကို ဆိုးရွားစွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအဖြစ် ရှုတ်ချခဲ့ပြီး အရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှု၏ ထင်ရှားသည့် အထောက်အထားဟု ပြောကြားခဲ့သည်။ အစ္စရေးနှင့် အမေရိကန်တို့သည်၎င်းတို့ကျူးလွန်သည့် လူသားမျိုးနွယ်ကို အန္တရာယ်ဖြစ်စေပြီး နိုင်ငံတကာဥပဒေကို ချိုးဖောက်သည့်ရာဇဝတ်မှုများအတွက် အပြည့်အဝတာဝန်ယူသင့်သည်ဟု အဆိုပါရုံးက မှတ်ချက်ပြုပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သော အဖျက်သမားအများအပြားကို Nuseirat ဒေသ၌ ညအချိန်တွင် တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူ Avichay Adraee က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊**
**ဘာသာပြန်–စိုးသူရ**

# အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများပါဝင်သောလှေ တိမ်းမှောက်

**လန်ဒန် ဇွန် ၆**

အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၈၀ ခန့်ပါဝင်သည့် လှေတစ်စင်းတိမ်းမှောက်မှုဖြစ်စဉ်အတွင်း လှေပေါ်တွင်လိုက်ပါလာသူများကို ရေထဲမှပြန်လည်ဆယ်ယူကယ်ဆယ်နိုင်ခဲ့ကြောင်း သည်ဂါးဒီးယန်းသတင်းစာက ယနေ့ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းအရ သိရသည်။

**ကယ်ဆယ်နိုင်ခဲ့**

ယင်းဖြစ်စဉ်အတွင်း ဗြိတိန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ဝင်များသည် အသက်ကယ်လှေများဖြင့် အခင်းဖြစ်ပွားရာ ကမ်းရိုးတန်းဒေသတစ်လျှောက် လိုက်လံကယ်ဆယ်ခဲ့ရာ ရေနစ်နေသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သည်ဂါးဒီးယန်းသတင်းစာက ထပ်လောင်းပြောကြားသည်။

ယခုနှစ်ပထမလေးလအတွင်း ဗြိတိန်နိုင်ငံသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူ ၇၅၀၀ ကျော် စံချိန်တင်ဝင်ရောက်ခဲ့သည်။ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို စီမံခန့်ခွဲရေးသည် ဇူလိုင် ၄ ရက်တွင် ကျင်းပမည့် ဗြိတိန်ရွေးကောက်ပွဲတွင် အငြင်းပွားဖွယ်ပြဿနာတစ်ရပ် ဖြစ်လာမည်ဖြစ်သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# လာအိုနိုင်ငံ၌ ဆီသယ်ယာဉ်မှ အက်စစ်ဖိတ်စဉ်မှုဖြစ်ပွား

**ဗီယင်ကျန်း ဇွန် ၆**

လာအိုနိုင်ငံ မြောက်ပိုင်း Odomxay ပြည်နယ်မှ တာဝန်ရှိသူများက Xay နှင့် Nga ခရိုင်တို့တွင် နေထိုင်သော ပြည်သူများအား Nga မြစ်မှရေကို သောက်သုံးခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားသည်။

ဇွန် ၂ ရက်က မြစ်ကမ်းအနီးတွင် အက်စစ်များတင်ဆောင်လာသည့် ဆီသယ်ယာဉ်တစ်စင်း တိမ်းမှောက်၍ အက်စစ်ဖိတ်စဉ်မှုဖြစ်ပွားခဲ့ရာမှ Odomxay ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ၎င်းသတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း လာအိုနိုင်ငံပိုင် တီဗွီသတင်းအရ သိရသည်။

၎င်းအက်စစ်ဖိတ်စဉ်မှုကြောင့် မြစ်အတွင်းသို့ အက်စစ်များစီးဝင်ကာ ငါးနှင့် အခြားရေနေသတ္တဝါများအပြင် ကျွဲများပါ သေဆုံးနိုင်သည့်အန္တရာယ် မြင့်မားနေသည်။ ၎င်းမြစ်အတွင်းရှိ ငါးများကို စားသုံးခြင်းမပြုရန်နှင့် မရောင်းရန် ဒေသခံများအား သတိပေးထားသည်။ လာအိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တာဝန်ရှိသူများသည် ရေအရည်အသွေးစစ်ဆေးခြင်း အပါအဝင် ၎င်းအခြေအနေကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံတွင် လျှပ်စစ်ဓာတ်ဖြင့် အငန်အရသာ တိုးမြှင့်ပေးနိုင်သည့်ဇွန်းထုတ်လုပ်

**တိုကျို ဇွန် ၆**

လျှပ်စစ်ဓာတ်ဖြင့် အငန်အရသာ တိုးမြှင့်ပေးနိုင်သည့် ဇွန်းအမျိုးအစားကို ဂျပန်နိုင်ငံရှိ ကာရင်းလုပ်ငန်းကထုတ်လုပ်ခဲ့ကြောင်း ယနေ့ကျိုဒိုနယူးစ် သတင်းအရ သိရသည်။

အဆိုပါဇွန်းသည် ဆားစားသုံးမှုလျှော့ချရေးဆောင်ရွက်နေသည့် နိုင်ငံသားများအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်သည်။

လျှပ်စစ်ဆားဇွန်းဟု အမည်ရသည့် အဆိုပါဇွန်းတွင် သေးငယ်သည့်လျှပ်စီးလမ်းကြောင်းကို ထည့်သွင်းထားပြီး ၎င်းဇွန်းကို အသုံးပြု၍ စားသုံးပါက စားသုံးသူ၏ လျှာတွင် အငန်အရသာတိုးမြင့်လာသည်ကို ခံစားရမည်ဖြစ်သည်။

**ကိုးကား – ကျိုဒိုနယူးစ်၊ ဘာသာပြန် – စိုးသူရ**

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇွန် ၆



နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခင်မျိုးဌေးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ယူအေအီးနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မခင်မျိုးဌေးသည် ဇွန် ၅ ရက်၌ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ ည ၁၀ နာရီတွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မခင်မျိုးဌေးသည် မြန်မာနိုင်ငံမှ ဒူဘိုင်းမြို့သို့ လွန်ခဲ့သော ရှစ်လဝန်းကျင်ခန့်က ရောက်ရှိခဲ့ပြီး ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်သို့ လက်လွှဲမှုကိုခံခဲ့ရ၍ နောက်ဆုံးတွင် ဒူဘိုင်းမြို့ရှိ မြန်မာနိုင်ငံသားတစ်ဦး ဖွင့်လှစ်ထားသည့် အဆောင်တွင် မြန်မာနိုင်ငံသို့မပြန်မီအတွင်း နေထိုင်ခဲ့ရသည်။ ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့ရသူတို့သည် ထိုနိုင်ငံသို့ အလည်အပတ်(Visit Visa)ဖြင့် ရောက်ရှိခဲ့ကြပြီး ရန်ကုန်မြို့ရှိပွဲစားများနှင့် ဒူဘိုင်းမြို့ရှိပွဲစားများ ချိတ်ဆက်ဆောင်ရွက်မှုဖြင့် အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ရာ အလုပ်အကိုင်ပါမစ်ဖြင့် သွားရောက်ခြင်းမျိုးမဟုတ်သဖြင့် ပွဲစားများနှင့် အလုပ်ရှင်တို့၏ ခေါင်းပုံဖြတ်မှုကို ခံကြရလေ့ရှိပြီး ဘာသာစကား၊ ယဉ်ကျေးမှု၊ အစားအသောက်နှင့် လုပ်ငန်းခွင်အခက်အခဲတို့ကြောင့် ထိုနိုင်ငံတွင် အခက်အခဲများစွာ ကြုံတွေ့ရခြင်းဖြစ်သည်။ မခင်မျိုးဌေးအား မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ လိုအပ်သော ကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့် (Exit Permit) ရရှိခဲ့၍ ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဒူဘိုင်းမြို့တွင် အခက်အခဲများကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မခင်မျိုးဌေးက "ကျွန်မက စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှာနေပါတယ်။ အမေအိုကြီးရှိတဲ့အတွက် ပြည်ပမှာအလုပ်လုပ်မယ်ဆိုပြီး ပွဲစားနဲ့ချိတ်ဆက်ပြီး ဒူဘိုင်းကို ရောက်ခဲ့ပါတယ်။ ရန်ကုန်ပွဲစားက ဒူဘိုင်းပွဲစားနဲ့ ချိတ်ဆက်ပြီး အလုပ်ကို စောင့်ခဲ့ရတာမှာ ဟိုပြောင်းရ ဒီရွှေ့ရနဲ့ အလုပ်မလုပ်ရဘဲ ရှစ်လနီးပါးကြာခဲ့ပါတယ်။ ရန်ကုန်အေးဂျင့်ကို အလုပ်မရကြောင်းပြောတော့ နောက်ပိုင်းဖုန်းမကိုင်တော့ဘူး။ ရွာကနေ ရန်ကုန်အေးဂျင့်ကို ဖုန်းဆက်ပြီး ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်ပြန်ခေါ်မယ်ဆိုပြီး ဆက်သွယ်ပေးမယ့် ဖုန်းမကိုင်တော့တဲ့အတွက် ပြည်ပမှာနေ့စဉ် မျက်ရည်နဲ့ မျက်ခွက်နေခဲ့ရပါတယ်။ မြန်မာသံရုံးကို မိတ်ဆွေတစ်ဦးက အကြောင်းကြားပေးပြီး အကူအညီပေးခဲ့တာကြောင့် မြန်မာပြည်ကို မထင်မှတ်ဘဲ ပြန်ရောက်ခဲ့တာဖြစ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဖြစ်နိုင်ရင် ပြည်ပနိုင်ငံအကြောင်း၊ အေးဂျင့်တွေအကြောင်းမသိဘဲ မသွားစေလိုပါဘူး။ ငွေကုန်ပြီး အလုပ်မရဘဲ ဒုက္ခမျိုးစုံကြားက ကံကောင်းထောက်မစွာနဲ့ အမိနိုင်ငံကို ပြန်ရောက်လာတာပါ။ သံရုံးကသာမကူညီရင် ရှေ့ဆက်ပြီး ဘယ်လိုဒုက္ခတွေ ရင်ဆိုင်ရမလဲဆိုတာ မမှန်းရဲပါဘူး။ မြန်မာနိုင်ငံကို စိတ်အေးချမ်းသာစွာ ပြန်ရောက်အောင် ကူညီစောင့်ရှောက်ပေးခဲ့တဲ့ နိုင်ငံတော်လူကြီးများ၊ တာဝန်ရှိသူတွေအားလုံးကို လက်အုပ်မိုးပြီး ကန်တော့ပါတယ်။ ကျေးဇူးအထူးတင်ပါတယ် ရှင်" ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုတို့တွင် မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်သို့ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံ တွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအတွက် အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး



# လားရှိုးမြို့ ယာယီတိုက်ပွဲရှောင်စခန်းမှ ယာယီတိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏မူလနေရပ်သို့ ပြောင်းရွှေ့ထွက်ခွာ

နေပြည်တော် ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်း ယာယီတိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စု ၃၀၊ လူဦးရေ စုစုပေါင်း ၈၆ ဦးတို့သည် ၎င်းတို့မူလနေထိုင်ရာ သိန္နီမြို့နယ်သို့ မေ ၂၈ ရက်တွင် ၎င်းတို့ အစီအစဉ်ဖြင့် အသီးသီး ပြောင်းရွှေ့ထွက်ခွာ သွား၍ အဆိုပါ ယာယီတိုက်ပွဲရှောင်စခန်းအား ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

မောင်ဇော်

# တိုက်ကြီးမြို့နယ်၌ သစ်တောဦးစီးဌာနက မိုးရာသီ လူထုဖြန့် ပျိုးပင် ၇၀၀၀၀ ပျိုးထောင်ထားရှိ

ရန်ကုန် ဇွန် ၆

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဦးစီးဌာန၏ လသာကုန်း၊ ဖလုံ၊ ဇီးပင်ဆိပ်၊ ပျိုးဥယျာဉ်သုံးခုတွင် ၂၀၂၄ ခုနှစ် မိုးရာသီအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် လူထုထံ ဖြန့်ဝေမည့် ပျိုးပင်ပေါင်း ၇၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ပျိုးထောင်ထားရှိသည့် သစ်ပင်ပျိုးပင်များမှာ လသာကုန်း ပျိုးဥယျာဉ်တွင် မန်ကျည်းရှား၊ ပျဉ်းကတိုး၊ ကျွန်း၊ မဟော်ဂနီ၊ ဝါး၊ ပိတောက်၊ မဲဇလီ၊ ပျဉ်းမ၊ ခရေ၊ ကံ့ကော်ပျိုးပင် ၄၀၀၀၀၊ ဖလုံ ပျိုးဥယျာဉ်တွင် မန်ကျည်းရှား၊ ပျဉ်းကတိုးနှင့် ကျွန်းပျိုးပင် ၁၅၀၀၀ နှင့် ဇီးပင်ဆိပ်ပျိုးဥယျာဉ်တွင် မန်ကျည်းရှား၊ ပျဉ်းကတိုးနှင့် ကျွန်းပျိုးပင် ၁၅၀၀၀ စုစုပေါင်း လူထုဖြန့်ပျိုးပင်ပေါင်း ၇၀၀၀၀ ကို ပျိုးထောင်ထားရှိပြီး မိုးရာသီ သစ်ပင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံ ပြည်သူများကိုလည်း အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဇွန် ၅ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာလူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Henry Soe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်နေ စောစိုးမိုးအား ည ၈ နာရီ မိနစ်၂၀ တွင် ဟင်္သာတမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြစ်ကြီးနားမြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇွန် ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိအောင်ဇေရန်အောင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး စကားလျှောက်ထားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဘုတ်ပြင်း ဇွန် ၆

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က ဘုတ်ပြင်းမြို့ ရွှေဘုံသာရပ်ကွက်ရှိ ရာဇာမုနိစေတီတော်တောင်ခြေ၌ ကျင်းပခဲ့သည်။



မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌွေး၊ ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်နှင့် ဘုတ်ပြင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် အထက - ဘုတ်ပြင်းကျောင်းအုပ်ကြီးတို့အား စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ခဲ့သည်။

## ပျိုးပင် ၅၄၀ စိုက်ပျိုး

ယင်းနောက် ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ပျဉ်းကတိုး ပျိုးပင် ၂၅၀၊ မဟော်ဂနီ ပျိုးပင် ၅၀၊ သက်န်းပျိုးပင် ၄၀၊ မန်ဂျန်ရှားပျိုးပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ် သိန်းတစ်ရာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အမှုဆောင်သစ်ရွေးချယ်

ကျိုက်မရော ဇွန် ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ သိန်းတစ်ရာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သိန်းတစ်ရာ ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို စာရင်းစစ်မှူး ဒေါ်နော်လှစိုးက ဖတ်ကြားပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေစာရင်းကို အမှုဆောင် ဦးဘိုဘိုကျော်က ဖတ်ကြားတင်သွင်းခဲ့သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာများကို အသင်းဥက္ကဋ္ဌက အတည်ပြုချက်ရယူကာ အသင်းသားများ၏ သိလိုသည့်အချက်များကို အသင်းဥက္ကဋ္ဌက ပြန်လည်ဖြေကြားကာ အမှုဆောင်သစ်များကို ရွေးချယ်ခဲ့ကြပြီး အသင်း၏အမြတ်ငွေမှ အသင်းသားများအား အမြတ်ငွေနှင့် နှစ်ပတ်လည်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ချိုမြတ်မြတ်ထွေး(ကျိုက်မရော)



# လင်းခေးခရိုင်ရဲတပ်ဖွဲ့ဝင်များ အရေးပေါ်လူနာအတွက် သွေးလှူဒါန်း



လင်းခေး ဇွန် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံတွင် အရေးပေါ်လူနာအတွက် လိုအပ်သောသွေးများကို ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းကြသည်။

လိုအပ်သောသွေးမှာ AB အမျိုးအစားဖြစ်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲဒုတပ်ကြပ် ဖြိုးဝေဦးနှင့် ရဲတပ်သား နန်းထွေးလင်းတို့က လင်းခေးပြည်သူ့ဆေးရုံ၌ အရေးပေါ်သွေးလိုအပ်လျက်ရှိသော လူနာရှင်တစ်ဦးအတွက် သွေးနှစ်လုံးအား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

လင်းခေးခရိုင်(ရဲတပ်ဖွဲ့)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၅ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၉၀ | ၂၆၀၀ | ၃၀၁၀ | ၄၀၀၀ |
| 95 Ron | ၂၆၁၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၁၅ | ၂၆၈၅ | ၂၇၀၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၉၅ | ၂၈၂၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၁၀ | ၂၇၂၀ | ၃၁၃၀ | ၄၁၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၇၀ | ၂၃၅၀ | ၂၃၀၅ | ၂၃၇၅ | ၂၃၈၅ | ၂၃၉၅ | ၂၃၅၅ | ၂၄၈၅ | ၂၅၁၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၈၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၅၃ | ၂၄၃၄ |
| 95 Ron | ၂၄၇၁ | ၂၅၅၄ |
| HSD (500 ppm) | ၂၁၆၉ | ၂၂၄၂ |
| HSD (50 ppm) | ၂၂၁၆ | ၂၂၉၀ |
| HSD (10 ppm) | ၂၂၁၆ | ၂၂၉၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြဝတီမြို့၌ မိုးရာသီကော်ဖီပင်စိုက်ပျိုးပွဲ ကျင်းပ

မြဝတီ ဇွန် ၆

ကရင်ပြည်နယ် မြဝတီမြို့၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီကော်ဖီပင် စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၃ ရက်က ကျင်းပခဲ့ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိုက်ပျိုးရေးတောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းရွှေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစည်လှိုင်တို့က ဦးဆောင်၍ စိုက်ပျိုးရေးတောင်သူ ဦးစိန်ထွန်း၏ တစ်ကေစိုက်ခင်း၌ ရိုဘတ်စတာကော်ဖီပျိုးပင် ၄၃၅ ပင်အား တောင်သူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းရွှေက ရိုဘတ်စတာကော်ဖီမျိုးသည် မြေနိမ့်ကော်ဖီအမျိုးအစားဖြစ်ကြောင်း၊ စိုက်ပျိုးမှုပုံစံအဆင့်ဆင့်၊ အပင်ရှင်သန်ကြီးထွားစေရန် ဂရုပြုရမည့် အချက်များနှင့် ကော်ဖီသီးဆွတ်ခူးရာတွင် လုံးဝရင့်မှည့်ပြီး အနီရောင်ရှိသည့် အသီးများကိုသာ ဆွတ်ခူးကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဇာဖြူဝင်း(မြဝတီ)

# ၂၀၂၄ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ် မေလအတွင်း တိုင်းတာသည့်စခန်း ၄၁ ခုအနက် ၃၉ စခန်းတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၃၉ စခန်းမှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် မေလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ၃၉ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၄ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




## ၂၀၂၄ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၇.၂ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၆.၅ |
| ၃ | မြစ်ကြီးနား | ၆.၉ |
| ၄ | ပူတာအို | ၆.၇ |
| ၅ | ဗန်းမော် | ၆.၆ |
| ၆ | ခန္တီး | ၇.၂ |
| ၇ | လားရှိုး | ၆.၆ |
| ၈ | တောင်ကြီး | ၆.၈ |
| ၉ | မိုင်းဆတ် | ၆.၅ |
| ၁၀ | ကျိုင်းတုံ | ၆.၆ |
| ၁၁ | စစ်ကိုင်း | ၆.၆ |
| ၁၂ | ဟုမ္မလင်း | ၇.၀ |
| ၁၃ | ဟားခါး | ၆.၆ |
| ၁၄ | ညောင်ဦး | ၆.၅ |
| ၁၅ | မုံရွာ | ၆.၅ |
| ၁၆ | ပျဉ်းမနား | ၆.၅ |
| ၁၇ | ကသာ | ၆.၇ |
| ၁၈ | ပြင်ဦးလွင် | ၇.၂ |
| ၁၉ | ကလေးဝ | ၇.၃ |
| ၂၀ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၂၁ | မှော်ဘီ | ၇.၀ |
| ၂၂ | မကွေး | ၆.၈ |
| ၂၃ | အောင်လံ | ၆.၉ |
| ၂၄ | စစ်တွေ | ၆.၉ |
| ၂၅ | ကျောက်ဖြူ | ၆.၈ |
| ၂၆ | သံတွဲ | ၆.၇ |
| ၂၇ | ပြည် | ၆.၉ |
| ၂၈ | ပဲခူး | ၆.၈ |
| ၂၉ | တောင်ငူ | ၆.၉ |
| ၃၀ | ပုသိမ် | ၆.၇ |
| ၃၁ | မအူပင် | ၆.၉ |
| ၃၂ | ဟသ်ာတ | ၆.၅ |
| ၃၃ | မော်လမြိုင် | ၆.၈ |
| ၃၄ | ရေး | ၆.၉ |
| ၃၅ | ဘီးလင်း | ၆.၅ |
| ၃၆ | ဘားအံ | ၇.၀ |
| ၃၇ | ထားဝယ် | ၆.၆ |
| ၃၈ | မြိတ် | ၆.၈ |
| ၃၉ | ကော့သောင်း | ၆.၈ |

## ဇီးကုန်းမြို့နယ်၌ မိုးစပါးနှင့် မိုးသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူအသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

ဇီးကုန်း ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးနှင့် မိုးသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူအသိ ပညာပေးဆွေးနွေးပွဲကို ဇွန် ၅ ရက်က ညောင်ဇင်ကျေးရွာ တောင်သူပညာပေးစခန်း၌ ပြုလုပ်သည်။



### လက်တွေ့သရုပ်ပြသ

ဦးစွာ မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က မိုးစပါးနှင့် မိုးသီးနှံပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရန်နှင့် စိုက်နည်းစနစ်များမှန်ကန်စွာ စိုက်ပျိုးကြရန် ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးနှင့် ဒုတိယဦးစီးမှူးများက မျိုးစပါးဆားရည်စိမ်နည်းကို ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြသကြသည်။

ဇီးကုန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးလျာထားစိုက်ဧက ၄၈၀၇၇ ဧက ရှိကြောင်းနှင့် လိုအပ်သော နည်းပညာများ ဖြန့်ဖြူးခြင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးများ အသုံးပြုစိုက်ပျိုးရန် တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းကို ဇွန် ၆ ရက်က ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီးအနီး လူစည်ကားရာ သံလမ်းဆုံ နေရာ၌ ပြုလုပ်ရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမြင့်ထွန်းနိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးလင်းအောင်ပြည့်နှင့် အဖွဲ့ဝင်(၃)လဝက ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်တို့က မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

## "အမှတ်တရမိုး" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်(သောကြာနေ့) ည ၉ နာရီခန့်တွင် "အမှတ်တရမိုး" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ အကယ်ဒမီများရှင် မေသန်းနု၊ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဒုံချပ်၊ ရိုတ၊ ချမ်းဟိန်းဝင်းထွန်း၊ စျာန်ထူး၊ ကိုကိုနွေဦး၊ ခိုင်သဇင်ဦး၊ ချိုမီမီဇော်နှင့် ထွန်းပပအောင်တို့က မိုးဦးကာလ၏ သင်းပျံ့သည့် မိုးရနံ့၊ အေးမြသည့် မိုးစက်ပွင့်များနှင့်အတူ မိုးရာသီအမှတ်တရ တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ဇွန် ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၈ – ၆ – ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၂၃)တွင် နေမင်းနှင့် ရေဘုရင်ကြီးတို့၏ မိတ်ဆွေအချင်းချင်း အပြန်အလှန် အလေးထားချစ်ခင်ကြပုံကို ရေးဖွဲ့ထားသည့် "သိပ်ချစ်ကြတဲ့ မိတ်ဆွေနှစ်ဦး" မျက်နှာဖုံးကာတွန်း၊ သမုဒ္ဒရာရေတံခွန်များ ဖြစ်ပေါ်လာပုံအကြောင်းကို ဗဟုသုတရဖွယ်ရေးဖွဲ့ထားသည့် "သမုဒ္ဒရာရေတံခွန်" သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ မိမိအပေါ် သူငယ်ချင်းကောင်းပီသသောကံကောင်းကို ဒုက္ခပေးမိ၍ မိမိကိုယ်တိုင် ဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည့် ဆိုးပေအကြောင်းကို ရေးဖွဲ့ထားသော "မိတ်ဆွေကောင်း" နှစ်မျက်နှာကာတွန်း၊ ထိခိုက်ဒဏ်ရာပြင်းထန်စွာရ၍ ခြေထောက်ဖြတ်ကာ ခြေတုတပ်ထားရသော်လည်း ဘဝအတွက် ရည်မှန်းချက်ကြီးမားသော နန်းထွေးလေးအကြောင်းကို ရေးဖွဲ့ထားသည့် "စိတ်ဓာတ်ခွန်အားကြီးသူလေး" ဝတ္ထု၊ ဖခင်၏ ဆုံးမမှုကြောင့် လုပ်အားတန်ဖိုးကို နားလည်သဘောပေါက်ကာ လက်တွေ့လိုက်နာကျင့်သုံးခဲ့၍ ကောင်းကျိုးများရခဲ့သော သူဌေးသားလေးအကြောင်းကို အတုယူဖွယ်ရေးဖွဲ့ထားသည့် "အလုပ်ကြိုးစားတဲ့သူဌေးသား" ပုံပြင်၊ ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၄)တွင် ပါဝင်သော "ကလေးတို့အတွက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ" အတွက် ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်သည့်ကဏ္ဍ၊ သူငယ်ချင်းဖြစ်သူအပေါ် စိတ်ကောင်းစေတနာထား၍ မန်ကျည်းပင်သူဌေး ဖြစ်သွားသော ကိုကြာအေး အကြောင်းကို ရေးဖွဲ့ထားသည့် "အမေပြောသော ပုံပြင်များ" နှစ်မျက်နှာကာတွန်း၊ မိခင်၏စကားကို နားမထောင်ဘဲ ခွေးကို ခဲနှင့်ပစ်ရာမှ ခွေးလိုက်၍ ထွက်ပြေးခဲ့ရသော ဖြိုးရဲအကြောင်းကို ရေးဖွဲ့ထားသည့် "ဖြိုးရဲနှင့် တန်ပြန်အန္တရာယ်" နှစ်မျက်နှာကာတွန်း၊ စာမှန်မှန်မရေး၍ စိတ်ဆိုးနေသည့် အစ်ကိုဖြစ်သူကိုကျိုးကြောင်းဆီလျော်စွာ ရှင်းပြရန် တိုက်တွန်းပြောဆိုပုံကို ရေးဖွဲ့ထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## လေးမျက်နှာမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လေးမျက်နှာ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက လေးမျက်နှာမြို့နယ် ဂျမ်းကုန်းကျေးရွာ မြို့မသုသာန်၌ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအသင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၅၇ ဦးတို့က စိန်ပန်းပင် ၅၀၊ မန်ကျည်းပင် ၂၀၊ ကျွန်းပင် ၅၀၊ မဟော်ဂနီပင် ၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုလောမြို့နယ်၌ တောင်သူများအား သွင်းအားစုမတည်ငွေ ထုတ်ပေး

**ပုလော ဇွန် ၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းသမဝါယမကဏ္ဍ တောင်သူများအား သွင်းအားစုမတည်ငွေပေးအပ်ပွဲကို ဇွန် ၅ ရက်က ပုလောမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ် မတည်ငွေများကို အကျိုးရှိစွာ အသုံးချရန် အမှာစကား ပြောကြားပြီး ပုလောမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးစရိတ်ဖြစ်သည့် ထွန်ယက်ခ၊ မျိုးစပါးနှင့် သွင်းအားစုများဝယ်ယူရန် ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းဝင်အသင်းသားတောင်သူ ၃၂ ဦးကို လယ်တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် လယ်ဧက ၂၀၅ ဧကအတွက် ငွေကျပ်သိန်း ၄၁၀ ကို တောင်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**



## မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။





၂။ မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း မကြာမီ အချိန်အတွင်း ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့် လေများ တိုက်ခတ်လာနိုင်သည်ကို သတိပြုပါ။

၃။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာအစိုးရဌာနမှ သတင်းထုတ်ပြန်သည်အထိ ဘေးကင်းလုံခြုံသောနေရာတွင် နေထိုင်ပါ။

## မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်။



၂။ ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်း မပြုလုပ်ပါနှင့်။



၃။ လေမုန်တိုင်းအနည်းငယ်အားလျော့သွားချိန်တွင် အိမ်အပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား၊ ကမ်းနဖူးသို့ သွားရောက်ခြင်းမပြုပါနှင့်။



❂ **အမျိုးသမီးလိဂ်မှ**

ဧရာဝတီအသင်းသည် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးနေရာရယူနိုင်မည်ဖြစ်သော်လည်း ပထမဆုံးရှုံးပွဲနှင့်အတူ ယင်းအခွင့်အရေးလက်လွှတ်ခဲ့ရသည်။ လက်ရှိချန်ပီယံ မြဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ချန်ပီယံကာကွယ်ခွင့်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာသည်။

ပွဲစဉ်(၆)အပြီးတွင် ရန်ကုန်အသင်းက ငါးပွဲကစား ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးရောက်ရှိလာပြီး အား/ကာသိပ္ပံအသင်းက ငါးပွဲကစား ၁၁ မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ဧရာဝတီအသင်းက ငါးပွဲကစား ၁၀ မှတ်၊ သစ္စာအားမာန်အသင်းက ငါးပွဲကစား ငါးမှတ်၊ YREO အသင်းက ငါးပွဲကစား သုံးမှတ်ရရှိထားပြီး ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MWL**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ (Machinery & Equipment)၊ ရုံးသုံးစက်ပစ္စည်းများ၊ အခြားပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါ ထပ်မံခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို(၁၀-၆-၂၀၂၄)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်တွင် လာရောက် ဝယ်ယူနိုင်ပြီး (၂၁-၆-၂၀၂၄)ရက်နေ့၊ ညနေ(၄:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းရမည့်စာရင်းများကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းများတွင် ဖော်ပြထားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၁-၇၅၇၁၂၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်မှန်ဌာနတွင် အသုံးပြုနေသည့် 1.5 T MRI အား ပြုပြင်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက် | - | ၆-၆-၂၀၂၄(ကြာသပတေးနေ့) |
| တင်ဒါပုံစံနောက်ဆုံး | - | ၁၉-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) |
| ပေးသွင်းရမည့် နေ့ရက်/အချိန် | - | ၁၆:၀၀ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ မြေကွက်အမှတ်(၁၆၂)၊ တိုက်အမှတ် (ခ/၁၁၀)၊ နှစ်ခန်းတွဲ RC (၆)ထပ်တိုက်မှ ပဥ္စမထပ်၊(၆လွှာ)၊ (တိုက်မျက်နှာမူလက်ယာဘက်အခန်း)၊ ဧရိယာ (၄၈၄) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မြနန္ဒာ[၁၂/ဒဂန(နိုင်)၀၂၃၁၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဆွေဦး[၉/ညဥန(နိုင်)၁၄၇၁၄၄]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဦးသော်ဆွေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး**
**LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ်(၁၀၀၇)ဟု ခေါ်တွင်သော ဦးဇော်ဇော် [၁၃/တကန(နိုင်)၂၅၀၇၅၀]နှင့် ဦးဇင်မင်းဝေ[၁၃/တကန(နိုင်)၂၅၀၇၅၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၁.၄၄)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုမြေအမည်ပေါက်သူများက တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိပြီး မည်သူ့ကိုမဆို မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

---

# ဥတုရာသီ တောကိုမှီ၏

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် အသုံးပြုနေသည့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုပေးသည့် စက် L.A (Linear Acclerator) စက်(၂)လုံးအား ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စာချုပ်ချုပ်ဆို ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက် | - | ၆-၆-၂၀၂၄ (ကြာသပတေးနေ့) |
| တင်ဒါပုံစံနောက်ဆုံး | - | ၁၉-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) |
| ပေးသွင်းရမည့် နေ့ရက်/အချိန် | - | ၁၆:၀၀ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန (၅)လမ်း၊ အမှတ် (၃၁၀/ခ)ဟု ခေါ်တွင်သည့် (၆) ထပ်တိုက်အဆောက်အဦ ( ဆောက်လုပ်ဆဲအဆောက်အဦ)ရှိ ဒုတိယထပ် (၃)လွှာ၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ)ခန့်ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်)၂၆၃၀၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်(၁၀)၊ အပေါ်ဆုံးထပ်(တတိယလွှာ)၊ (ခေါင်းရင်းခန်း)၊ (တိုက်ကိုမျက်နှာမူလျှင်-ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၅ x ၆၀)ပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချ၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟုဝန်ခံထားသူ ဦးစောသန်းထွန်း [၁၄/ပသတ(နိုင်)၁၆၆၈၄၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူအောင် [၁၄/ကလန(နိုင်)၁၇၆၇၀၈]ကိုင်ဆောင်သူက(၆-၆-၂၀၂၄)ရက်စွဲဖြင့် **"နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"** ချုပ်ဆိုကာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**နော်မြတ်လေးနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၂၂)**
**အမှတ်-၃၇၊ Inyarlake Hotel, အခန်း(၀၀၇) ကမ္ဘာအေးဘုရားလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၂၅၃၄၀၀၁**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၆၃၆)၊ ဗိုလ်မှူးသိန်းထွန်း [၁၃/မပတ(နိုင်)၀၁၁၁၃၁] အမည်ပေါက် အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်မြေ အမျိုးအစား၊ မြေကွက်အမှတ်(၆၃၆)၊ ဇမ္ဗူသီရိလမ်း၊ ၇၇/ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x ၆၀)ပေရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခမ်းမွန်[၁၃/လရန(နိုင်) ၀၈၄၇၅၃] မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်တော် ဦးလှမိုး [၆/မအရ(နိုင်)၀၈၉၄၈ာ] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်တော်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၉၂၀)**
**အမှတ်(၂၁/ခ)၊ လယ်ယာ(၄)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၃၅၇၃၃၂**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၇၉) ဟုခေါ်တွင်သောတစ်ခန်းတည်း(၆)ထပ်တိုက်၏ ပထမထပ်(၂-လွှာ)တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့အား (၁၉-၂-၂၀၁၉)ရက်စွဲပါစာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီး၊ တဆင့်ပြန်လည်ရောင်းချခွင့်ရှိသူ **ဒေါ်ခင်ထွေးရီ (၁၄/ဘကလ(နိုင်)၁၆၂၂၉၃)** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်(၆-၆-၂၀၂၄)ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

---

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁၀)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် + ပထမထပ်(ခြေရင်းဘက်အခြမ်း)တိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း(၂)ခန်းအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ **ဦးထွန်းဝေ (၁၂/စခန(နိုင်)၀၄၆၆၁၉)** ကိုင်ဆောင်သူသည် ၁၉၈၉-ခုနှစ်ခန့်က တရားဝင်ဆက်စပ်စာချုပ်များနှင့်တကွ မြေရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုးလျှက် အပြီးအပိုင်ဝယ်ယူထားပြီး ယနေ့တိုင်ကန့်ကွက်သူမရှိ တရားဝင်သန့်ခေါင်စာရင်းဝင်အဖြစ် ငြိမ်းချမ်းသာယာစွာ ပိုင်ဆိုင်ခံစား စံစားလျှက်ရှိသောတိုက်ခန်းများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း(၂)ခန်းအား ကျွန်ုပ်၏မိတ်ဆွေသာလျှင် တစ်ဦးတည်းအကန့်အကွက်မရှိပိုင်ဆိုင်ပါကြောင်းနှင့် မိမိစိတ်တိုင်းကျ တဆင့်လွှဲပြောင်းရောင်းချ၊ ပေးကမ်း၊ လှူဒါန်းပိုင်ခွင့်အပြည့်အဝရှိသောတိုက်ခန်းများဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

---

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)
## Myanmar Real Estate Services Association
### နှစ်ပတ်လည် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေး
### (2024 - AGM)ဖိတ်ကြားလွှာ

ဗဟို ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးစီးသော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ နှစ်ပတ်လည် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေး(2024 - AGM) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အသင်းသား၊ အသင်းသူများ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | * | ၁၀ - ၆ - ၂၀၂၄ (တနင်္လာနေ့) |
| ကျင်းပမည့်အချိန် | * | နံနက်(၉:၀၀)နာရီ မှ နေ့လည်(၁:၀၀)နာရီ အထိ |
| ကျင်းပမည့်နေရာ | * | Sky Star Hotel<br>အမှတ် ၅၁/B/1၊အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။ |

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-အစုကြီး၊ ကွင်း/အကွက် အမှတ် - ၃၆၀၊ အစုကြီးအနောက်၊ ဦးပိုင်/မြေကွက်အမှတ်- ၅/ဆ + ၅/ဇ + ၇/က + ၇/ဃ+ ၈/ဆ၊ ဧရိယာ (၁.၇၇) ဧက၊ မြေအမျိုးအစား - နှစ် (၃၀) စက်မှု (စီးပွား)ဂရန်မြေ နှင့် ယင်းမြေပေါ်ရှိ "မင်းမဟာ" ဆီဆိုင်လုပ်ငန်း လွှဲပြောင်းရောင်းချခြင်းနှင့် မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြောက်ပိုင်းခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် - ၄၃/၂၀၂၀ V အရ (၂၀-၁၀-၂၀၂၀) ရက်နေ့မှ (၁၉-၁၀-၂၀၅၀) ရက်နေ့အထိ နှစ် (၃၀) စက်မှု (စီးပွား)ဂရန်ကို ဦးခင်ဇော် [၉/ကပတ(နိုင်)၀၂၄၉၀၈] အမည်ဖြင့် ထုတ်ပေးထားသောမြေကွက်ဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ် (၁၁၈၀)၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အရှေ့၊ မြေကွက်အမှတ်-(၁၁၈၀)၊ အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၆၀ပေ)၊အကျယ်ဧရိယာ(၂၄၀၀)စတုရန်းပေရှိ ဒေါ်ခင်မျိုးနိုင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်ခင်မျိုးနိုင် [၁၂/သကတ(နိုင်)၀၀၅၁၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

## တောင်ကြီးမြို့ အဝေးပြေးခရီးသည်တင်ယာဉ်ငယ်ရပ်နားစခန်း(သစ်တော) ဂိတ်ခန်းတန်ဖိုးလာရောက်ပေးသွင်းရန် အကြောင်းကြားခြင်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် Shinning Myanmar Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဝေးပြေးခရီးသည်တင်ယာဉ်ငယ်ရပ်နားစခန်း (သစ်တော)တွင် မူလဂိတ်ခန်း (၃၀)ခန်းအား ဂိတ်ခန်းတန်ဖိုးများ ပေးသွင်းရာတွင် သတ်မှတ်တန်ဖိုးအပေါ် (၄၀%) သက်သာခွင့်ဖြင့် (၂၄)လအရစ်ကျ ပေးသွင်းစေခဲ့သော်လည်း အောက်ဖော်ပြပါ အများပိုင်မော်တော်ယာဉ်လိုင်းဂိတ် (၄)ဂိတ်မှ (၆-၆-၂၀၂၄)ရက်နေ့အထိ လာရောက်ပေးသွင်းမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် (၂၁-၆-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ လာရောက်ပေးသွင်းသွားရန်နှင့် ပေးသွင်းမှုမရှိပါက ဂိတ်ခန်းနေရာချထားခြင်းမှ ပယ်ဖျက်၍ ဌာနပိုင်အဖြစ် သိမ်းယူသွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်-

(က) မိုးပျံယာဉ်လိုင်းဂိတ်
(ခ) ငွေအိုးစည်(၂)ယာဉ်လိုင်းဂိတ်
(ဂ) ကေသရာဇာယာဉ်လိုင်းဂိတ်
(ဃ) နမ့်စန်ယာဉ်လိုင်းဂိတ်

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၈၄)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏မြေညီ (မျက်နှာမူလျှင်ဘယ်ဘက်)၊ အကျယ်အဝန်း (၁၅ ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်စွာဝင်း (ZM)ဆောက်လုပ်ရေး [၁၂/ဥကတ(နိုင်)၂၁၇၅၃၄]က တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သဥ္ဇာကို [၁၂/သဃက(နိုင်)၁၉၉၉၄၇]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာခင် ( LL.B, D.I.L, D.M.L )**
**တရားလွှတ်တော်ရှေ့နေ ( စဉ်–၁၄၄၄၅)**
**အမှတ် (၂၉၇/၂၉၉)၊ ၃–လွှာ (C) ၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် (၁၂၈၆)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် (၁) ဦးဌေးဝင်း [၁၂/မရက(နိုင်)၀၃၅၄၉၅]၊ (၂) ဒေါ်နွယ်နီဝင်း [၁၂/မဂဒ(နိုင်)၀၆၂၉၃၀]၊ (၃) ဦးစိုးနိုင်ဝင်း [၁၂/မဂဒ(နိုင်)၀၇၁၀၅၃]၊ (၄) ဦးအောင်ကျော်ဝင်း [၁၂/မဂဒ(နိုင်)၀၁၅၀၆၈]၊ (၅)ဦးစိုးလှိုင်ဝင်း [၁၂/မဂဒ(နိုင်)၀၅၃၇၈၅]၊ (၆) ဒေါ်ချိုချိုဝင်း [၁၂/မဂဒ(နိုင်)၀၈၀၄၆၅]တို့အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်ထွန်း [၁၂/တမန(နိုင်)၀၈၁၂၀၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေများ) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၃၀၀)**
**အမှတ် (၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း၊ အမှတ်–၁၉၅ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ၊ (၇)ထပ်တိုက်မှ ပထမထပ်၊ (A/2) (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လှိုင်ဝေ (၁/မကန (နိုင်) ၁၆၈၇၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်သဲနုစံ** (LL.B., D.BL., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂–လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း – ၀၉ ၄၀၁၆ ၂၀၈၀၆၊ ၀၉ ၇၉၉ ၂၆၀၉၇၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၅)လမ်း၊ (၆)ထပ်တိုက်၏ (ပထမထပ်) (၂)လွှာ၊ (၁၈x၅၄)ပေ အကျယ်အဝန်းရှိသော တိုက်အမှတ်– ၂၀၅(ခ)၊ (ပထမထပ်)ရှိ ရေ/မီးအစုံတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်သူ [၁၄/မမက(နိုင်)၁၃၅၅၉၈] ကိုင်ဆောင်သူမှ မိမိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိမွန် [၁၂/ဥကမ(နိုင်)၂၀၄၂၂၉] ကိုင်ဆောင်သူမှ ဝယ်ယူရန်သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်အိအိမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းထက်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တင်ဒါခေါ်ဝယ်ယူမည့် နေပြည်တော်ပင်လောင်းလမ်း လမ်းမီးတိုင်များ၏ Underground Cable အစားထိုးလဲလှယ်ခြင်း (သပြေပင်ကျေးရွာမှ ပင်လောင်းလမ်းဆုံမီးပွိုင့်ထိ) 4C x 25 $mm^2$ (၂၈၁၆ မီတာ) လုပ်ငန်းအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် –

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၇-၆-၂၀၂၄ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | – | ၁၄-၆-၂၀၂၄ ရက်၊ (၁၆:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | – | အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် –

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း – ၀၆၇-၄၃၂၀၃၇၊

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ဦးမင်းသူ [၁၂/ရကန(နိုင်)၀၇၃၅၁၆]နှင့် အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိမြတ်ဝင်း [၁၃/နစန(နိုင်)၀၆၂၀၁၂] နှင့် ဦးမင်းသူတို့သည် (၁၀-၁၂-၂၀၁၁)ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီးနောက် သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိမြတ်ဝင်းနှင့် ဦးမင်းသူတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် (၁၄-၁-၂၀၁၉)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ နောက်နောင် ဦးမင်းသူအနေဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိမြတ်ဝင်းအပေါ် စိတ်အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်ကိစ္စမျိုးကိုမဆို တစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် ပြုမူခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမင်းသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်မာမာသိန်း | ဒေါ်နီနီဝင်း | ဦးထွန်းသူအောင် |
|---|---|---|
| (LL.B) | (LL.B) | (LL.B) |
| (စဉ်–၈၇၉၂) | (စဉ်–၅၁၇၁၈) | (စဉ်–၅၅၇၆၄) |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်– ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အကွက်အမှတ် (၅၃)၊ သဃ်န်းကျွန်းမြို့ကွက်၊ ဦးပိုင်အမှတ်– က၊ ဧရိယာ (၂၂.၆၀၄)ကေအနက်မှ (D) အမှတ်အသားပြ ဧရိယာ (၀.၁၁၅)ကေရှိ မြေကွက်အား တရားဝင်မှတ်ပုံတင်စာချုပ်အမှတ်– ၅၅၈/၁၉၆၀ ဖြင့် ပိုင်ဆိုင်ထားသူ မောင်ဂျိုး ပိုင်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၈၄) ဝဲဘက်၊ အနောက်ဘက်မျက်နှာစာ အကျယ်အဝန်း (၃၀ပေx ၄၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကျော်စွာဝင်း [၁၂/ဥကတ(နိုင်)၂၁၇၅၃၄]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အထက်ပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်စွာဝင်း [၁၂/ဥကတ(နိုင်)၂၁၇၅၃၄]မှ တရားဝင်ပိုင်ဆိုင်ကြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဥ္ဇာကို [၁၂/သဃက(နိုင်)၁၉၉၉၄၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာခင် ( LL.B,D.I.L,D.M.L )**
**တရားလွှတ်တော်ရှေ့နေ ( စဉ်–၁၄၄၄၅)**
**အမှတ် (၂၉၇/၂၉၉)၊ ၃–လွှာ (C) ၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ မြေကွက်အမှတ် (၆၇)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲတိုက်၏ ပထမထပ် (၂-လွှာ)၊ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၁½ပေx ၄၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသည့် ဒေါ်ခင်သန်းဦး [၁၂/လသန(နိုင်)၀၀၉၀၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နီလာဇော် [၁၂/ကတတ(နိုင်)၀၀၁၉၁၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးပွင့်ဖြူ (စဉ်–၁၂၃၉၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၉၄)၊ ငမိုးရိပ် (၅)လမ်း၊ (အပိုင်း–၃)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း– 09–43153310, 09–977801366**

## အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် အောက်ပါပစ္စည်း (၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဌာနလုပ်ငန်းခွင်အရောက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၆၀/၇၀ ကတ္တရာ (ASTM)<br>၈၅/၁၀၀ ကတ္တရာ (ASTM) | 315 Ton<br>112 Ton | – | 1 Lot |
| ၂ | Weight Balance<br>Capacity – 30 Tons | 2 Set | China | 1 Lot |
| ၃ | Tractor(50HP) and Slasher Machine<br>(Width 4 Feet) | 3 Set | India/China | 1 Lot |
| ၄ | Drilling Machine (Capacity 75 – 110m)<br>With Mud Pump and Grout Mixing | 1 Set | China | 1 Lot |
| ၅ | Tree Transplanter<br>(Stem Diameter 30cm) | 1 Set | China | 1 Lot |

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် – (၁၀-၆-၂၀၂၄)၊ တနင်္လာနေ့
၃။ တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် – (၂၅-၆-၂၀၂၄)၊ အင်္ဂါနေ့၊ မွန်းလွဲ (၂:၀၀ နာရီ)
၄။ တင်ဒါဖွင့်မည့်ရက်/အချိန် – ဆက်သွယ်အကြောင်းကြားပါမည်။
၅။ တင်ဒါဖွင့်မည့်နေရာ – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့ နေပြည်တော်၊ စီလမ်းဆုံ
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်-

**လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း– ၀၉–၂၅၀၉၀၂၀၀၄**

## အမည်ပြောင်း

ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက် (၆)နေ ဦးဇော်ဇော်ဦးနှင့် ဒေါ်ဂျေဆာနာတို့၏သမီး မနားမာဆာအား မဂျေပန်းအိဖြူ ဟုပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး ၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာ၊ သဲကုန်းပိုင်းနေ အဖ ဦးရဲနောင်၏သမီး အမည်မှန်မှာ မစံရတီကို ဖြစ်ပါကြောင်း။

**မစံရတီကို**

## အမည်မှန်

ဦးခန့်ဖြိုးမောင် [၁/မကတ(နိုင်) ၁၄၅၇၅၇]၏ သား မြစ်ကြီးနားမြို့၊ အလက(၈) ကျောင်း၊ Grade – 2 မှ မောင်ဘုန်းသုတဖြိုး၏ အမည်မှန်မှာ မောင်ခန့်ဇေဟိန်း ဖြစ်ပါသည်။

**နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄) မင်္ဂလာဒုံခရိုင်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်–၁၈

ဒေါ်လဲ့လဲ့ဝင်းရွှေ နှင့် ၁။ ဒေါ်ဌေးဌေးကြည်
၂။ ဦးဆန်းဝင်း
၃။ ဒေါ်စန်းမြင့်ဦး (ခ)ဒေါ်ကုလားမ
၄။ ဦးမောင်မောင်အေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြရီ)
၅။ ဒေါ်ဥမ္မာထွန်း
၆။ ဦးမျိုးမင်းထွန်း
၇။ ဒေါ်မြင့်မြင့်သန်း (ကိုယ်တိုင်နှင့် ၅၊ ၆၊ ၈ တရားပြိုင်တို့၏ အခွင့်ရကိုယ်စားလှယ်)
၈။ ဒေါ်အိအိချို

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃ ကို အယူခံမှု။

အယူခံတရားပြိုင်များဖြစ်ကြသော အမှတ်(၅) ဒေါ်ဥမ္မာထွန်း၊ အမှတ်(၆) ဦးမျိုးမင်းထွန်း၊ အမှတ်(၇)ဒေါ်မြင့်မြင့်သန်း [ကိုယ်တိုင်နှင့် (၅) (၆) (၈) တရားပြိုင်တို့၏ အခွင့်ရကိုယ်စားလှယ်] ခြံအမှတ်(၂၇/ခ)၊ ဇီဇဝါလမ်း၊ ပေါင်းကူးညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိ)နေသူများသိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တရားရုံးက ချမှတ်သည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈)ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၇ ရက်နေ့)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက် ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ် လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ– ၂၂ အရ ကန့်ကွက်လိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့်– ၄၁၊ နည်းဥပဒေ– ၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

